မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

A L T E R N A T I V E   A S E A N   N E T W O R K   O N   B U R M A
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၈ ၂၀၁၄ ခု၊ ဧပြီလ

- ကျွန်ုပ်တို့ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ရခိုင်ပြည်နယ်မှ ပဋိပက္ခများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ နောက်ပိုင်းတွင် UN အတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ရခိုင်ပြည်နယ်မှအခြေအနေ ကို လုံးဝလက်ခံနိုင်ဘွယ်ရာမရှိပါ ဟုကြေငြာခဲ့သည်။

- UN အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် ယခင်ရောယခုပါဖြစ်ပျက်နေသည့် လူ့အခွင့်အရေးကြမ်းဖက်မှုများကို အစိုးရမှအပြည့်အဝစုံစမ်းစစ် ဆေးကာ ကိုင်တွယ်ဖြေရှင်းပေးပါရန်တိုက်တွန်းလိုက်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်ဆက်စပ်သည့် ပဋိပက္ခများ နှင့်ပတ်သက်၍ UNSC သို့တင်ပြသောသူ၏အစီရင်ခံစာထဲတွင် အတွင်းရေးမှူးချုပ်က လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် ရခိုင်ပြည်နယ်မှပစ်မှတ်ထားလုပ်ဆောင်ကြသည့် အကြမ်းဖက်မှု များ၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမှ လက်နက်ကိုင် ပဋိပက္ခများနှင့်ဆက်စပ်နေသည်ဟု မှတ်ချက်ပေးပြောဆို လိုက်သည်။

- အကူအညီအပေးရေးအေဂျင်စီများအား အစိုးရမှပိတ်ပင်တားဆီးမှု များဆက်လက်လုပ်ဆောင်နေစဉ်တွင် ရခိုင်ပြည်နယ်မှလူသား ချင်းစာနာမှုဆိုင်ရာ အကြပ်အတည်းများသည် သေဆုံးမှုများနှင့် အခက်အခဲများကိုပိုမိုဖြစ်ပေါ်စေခဲ့သည်။

- မြန်မာနိုင်ငံဆိုင်ရာ UN လူ့အခွင့်အရေးအထူးကိုယ်စားလှယ်သော မတ်စ်ဂျေကွင်တားနားက ရခိုင်ပြည်နယ်မှအကူအညီများဖယ်ရှား ပစ်ခြင်း၏အကျိုးဆက်အနေဖြင့် လူသားဆန်မှုကိုပျက်ယွင်း စေသောရာဇဝတ်မှုများဖြစ်လာနိုင်သည်ဟု သတိပေးပြော ဆိုလိုက်သည်။

- သန်းခေါင်စာရင်းကောက်ယူမှုသည် ကချင်ပြည်နယ်နှင့်ရှမ်း ပြည်နယ်မြောက်ပိုင်းတို့တွင် ပဋိပက္ခများကိုပို မိုမြင့်တက်လာစေ ကာ ရိုဟင်ဂျာများကိုမပါဝင်နိုင်အောင်ပြုလုပ်ထားသည်။

ဤသတင်းလွှာတွင်

ပင်မသတင်း
၂ ရခိုင်ပြည်နယ်အခြေအနေအပေါ် UN စိုးရိမ်
၃ ရခိုင်ပြည်နယ်မှအခြေအနေများ ဆိုးရွားပြင်းထန်
၃ အကူအညီများပြန်လည်ပေးရန် US, UK, UN တို့ မှတိုက်တွန်း
၃ MSF နှင့် အပြည်ပြည်ဆိုင်ရာ မယ်တက်ဆာ Malteser Int'l တို့အပိတ်ပင်ခံရဆဲ
မြန်မာနိုင်ငံပြည်တွင်းသတင်းများ
၅ ပဋိပက္ခများအားအကြောင်းပြရန်သန်းခေါင်စာရင်း ကောက်ယူမှုအားအသုံးချ
၅ အပစ်အခတ်ရပ်စဲရေးမူကြမ်းအား အန္တရာယ်ရှိစေ သောပဋိပက္ခ
၆ ကချင်နှင့်ရှမ်းပြည်နယ်တွင်စစ်ပွဲများပြင်းထန်လာ
၈ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အစိုးရမှအတင်းအကြပ် သန်းခေါင်စာရင်းကောက်ယူ
၈ အရပ်သားများတိုက်ခိုက်ခံနေရဆဲ
၉ သစ်အလုံးလိုက်တင်ပို့မှုတားမြစ်ခြင်းက စစ်အင် အားတိုးချဲ့ခြင်းအတွက် ဆင်ခြေဖြစ်လာ
၉ သန်းခေါင်စာရင်းကောက်ယူမှုတွင် ရိုဟင်ဂျာများ အနိုင်ကျင့်ဒုက္ခပေးခံရ
၁၀ ဦးဝင်းတင်၏သေဆုံးမှုအား ဝမ်းနည်းပူဆွေးကြ
လူ့အခွင့်အရေး
၁၀ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား စုံစမ်းစစ် ဆေးရန် UN အတွင်းရေးမှူးချုပ်တိုက်တွန်း
၁၁ နောက်ထပ်သတင်းထောက်များထောင်ချခံရ
၁၁ ဆန္ဒပြသူများအားပိုမိုပစ်မှတ်ထားလာ
နိုင်ငံတကာ
၁၂ ဒေါ်စုဥရောပသို့သွားရောက်
၁၂ မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့လာရောက်
၁၂ မြန်မာ - တရုတ်ဆက်ဆံရေး
စီးပွားရေး
၁၃ ငွေကြေးဖောင်းပွမှုမြင့်တက်ဆဲ
၁၃ အရင်းအမြစ်စစ်ပွဲများက စီးပွားရေးကိုဟန့်တား နေ
၁၄ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၁၅ အစီရင်ခံစာများ

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

- **တနိုင်ငံလုံးအနံ့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မူကြမ်းသည် အစိုးရတပ်များ၏နောက်ထပ်ထိုးစစ်များနှင့် လက်နက်ကိုင်အုပ်စုအားလုံးစစ်တပ်၏ထိန်းချုပ်မှုအောက်သို့လာရောက်ရမည်ဟု အတင်းအကြပ်ပြောဆိုနေမှုတို့ကြောင့် အားနည်းယုတ်လျော့လာရသည်။**
- **NLD အားပူးတွဲတည်ထောင်သူ၊ မြန်မာ့အရှည်ကြာဆုံးနိုင်ငံရေးအကျဉ်းသားဦးဝင်းတင်သည် အသက် ၈၄ နှစ်အရွယ်တွင်ကွယ်လွန်ခဲ့သည်။**
- **ဆန္ဒပြမှုအတွက် နောက်ထပ်လူ ၉ ဦးအားတရားစွဲခြင်း၊ ထောင်ချခြင်းများပြုလုပ်နေစဉ်တွင် အစိုးရကနောက်သတင်းထောက်တဦးအား ထောင်ချလိုက်သည်။**
- **အစိုးရအရာရှိများက တရုတ်၊ မြောက်ကိုရီးယားတို့နှင့်ဆက်ဆံရေးကို ပိုမိုအားကောင်းအောင်လုပ်ဆောင်နေစဉ်တွင် ဒေါ်စုသည်ဂျာမဏီနှင့်ပြင်သစ်တို့သို့သွားရောက်ခဲ့သည်။**
- **၂၀၁၄-၁၅ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုသည် ၆.၆%သို့ရောက်ရှိလာနိုင်သည်ဟု မျှော်လင့်ရပါသည်။**

ပင်မသတင်း

UNSC၊ UNSG နှင့် အထူးကိုယ်စားလှယ်တို့က ရခိုင်ပဋိပက္ခနှင့်ပတ်သက်ပြီး သတိပေးပြောကြားကြ

ဧပြီလ ၇ ရက်နေ့တွင် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက ရခိုင်ပြည်နယ်တွင်အကူအညီပေးရေးဝန်ထမ်းများမရှိခြင်းက အလွန်ဆိုးရွားသောအကျိုးဆက်များကိုဖြစ်ပွားစေကာ ရှည်လျားလှသောဖိနှိပ်ခွဲခြားဆက်ဆံမှုများနှင့် ညှင်းပန်းမှုများသမိုင်းကြောင်းတလျှောက်နောက်ဆုံးဖြစ်သည့်အကူအညီပေးရေးဝန်ထမ်းများအားဖယ်ရှားလိုက်မှုသည်လူသားဆန်မှုကိုပျက်ယွင်းစေသောရာဇဝတ်မှုများကို ဖြစ်ပေါ်လာစေလိမ့်မည်ဟုသတိ ပေးပြောကြားလိုက်သည်။

ဧပြီလ ၁၇ ရက်နေ့တွင် UN အထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးဗီးဂျေးနမ်ဗီးယားက ပဋိပက္ခများနှင့်ပတ်သက်၍ UN လုံခြုံရေးကောင်စီ (UNSC) အားတင်ပြပြောကြားခဲ့သည်။ အစည်းအဝေးအတွင်းတွင် UN ဆိုင်ရာ US သံအမတ်ကြီးဆမ်မန်သာပါဝါ Samantha Power က အကြမ်းဖက်မှုများမှကာကွယ်ရန်အတွက် ရခိုင်ပြည်နယ်တွင် ဝင်ရောက်စွက်ဖက်ရန်နှင့် အထူးလိုအပ်နေသောလူသားချင်းစာနာမှုဆိုင်ရာတည်ရှိမှုများအား ပြန်လည်လာရောက်နိုင်ရန်အတွက် ကူညီပေးပါရန်အစိုးရအားတိုက်တွန်းလိုက်သည်။

ဧပြီလ ၂၅ ရက်နေ့တွင် UN အထွေထွေအတွင်းရေးမှူးဘန်ကီမွန်းက ရခိုင်ပြည်နယ်မှအခြေအနေများသည် အန္တရာယ်အချက်ပေးလျက်ရှိပြီး စစ်တွေမှဖြစ်ရပ်များသည်လုံးဝလက်ခံနိုင်ဖွယ်မရှိပါဟု နယူးယောက်မြို့တွင်ပြုလုပ်သော မြန်မာရေးရာပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ပထမအစည်းအဝေးတွင်ကြေငြာလိုက်သည်။ မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးနွယ်စုဖြစ်သည်တို့ကိုအခြေမခံပဲ မြန်မာနိုင်ငံရှိအရပ်သားအားလုံးအားအကာအကွယ်ပေးရန်နှင့် သူတို့၏လုံခြုံမှုကိုသေချာအောင်လုပ်ပေးရန်မှာ အစိုးရ၏လေးနက်သောတာဝန်သာဖြစ်ကြောင်းကိုလည်း သူကသတိပေးပြောကြားလိုက်သည်။ သူကအစိုးရအား ပိုမိုကျယ်ပြန့်သောလူသားချင်းစာနာမှုဆိုင်ရာအကူအညီများပေးနိုင်စေရန်အတွက် လုပ်ဆောင်ပေးရန်နှင့် ထိုသို့လုပ်ဆောင်ရာတွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့အားရခိုင်ပြည်နယ်သို့ပြန်လည်သွားရောက်နိုင်စေရေးသည်လည်း အစိတ်အပိုင်းတခုဖြစ်ရန်လိုအပ်ပါသည်ဟု အစိုးရအားတိုက်တွန်းပြောကြားလိုက်သည်။ ရိုဟင်ဂျာများအပေါ်ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်အရေးယူခြင်းမခံရသောဖြစ်ရပ်များအား အစိုးရမှဆက်လက်၍ ဘာမျှမလုပ်ပဲထိုင်ကြည့်နေဦးမည်ဆိုပါက နိုင်ငံတကာမှလုပ်ဆောင်မည့်နောက်ဆက်တွဲအကျိုးဆက်များနှင့်ရင်ဆိုင်လာရမည်ဖြစ်ကြောင်း အစိုးရအားသတိပေးပြောကြားလိုက်သည်။ [အောက်မှ *လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအားစုံစမ်းစစ်ဆေးရန်မြန်မာအစိုးရအား UN အထွေထွေအတွင်းရေးမှူးတိုက်တွန်း* တွင်ကြည့်ပါ။]

ရခိုင်ပြည်နယ်မှအခြေအနေများကြောက်ခမန်းလိလိဖြစ်နေ

မတ်လက ရိုဟင်ဂျာဆန့်ကျင်သူလူအုပ်စုများ၏ တိုက်ခိုက်မှုများအပြီး ရခိုင်ပြည်နယ်စစ်တွေမြို့မှအကူအညီပေးရေး လုပ်သားများအားကယ်ထုတ်ခဲ့လိုက်ရသောကြောင့် ကျန်ရစ်ခဲ့သည့်ကျန်းမာရေးစောင့်ရှောက်မှုလစ်ဟာမှုများအား ဖြည့်ဆည်းပေးနိုင်ပါသည်ဟု အစိုးရကျန်းမာရေးဝန်ကြီးဌာနကကြေငြာခဲ့သော်လည်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း များအတွက် ပြင်းထန်သောဟန့်တားခံရမှုများနှင့်ပတ်သက်သော အစီရင်ခံစာများဧပြီလ တလလုံးပေါ်ထွက်လာခဲ့သည်။ ထိုဆိုးဝါးသောအခြေအနေများမှာ ရခိုင်ပြည်နယ်မှ အဓိကအားဖြင့် မွတ်စလင်ရိုဟင်ဂျာများပါဝင်သည့် လူထု ၈ သိန်းကျော်တို့အတွက် အကူအညီများပေးပို့နိုင်မှုမရှိခြင်းနှင့် ရေနှင့်အစားအစာလိုအပ်မှုခံစားနေရသော IDP စခန်းများမှ IDP ၁၄၀၀၀၀ တို့ပါဝင်သည်။

ဧပြီလစောစောပိုင်းတွင် သဲချောင်း IDP စခန်းမှလူသုံးဦးသေဆုံးခဲ့မှုသည် မတ်လကဖြစ်ပွားခဲ့သောအထိကရုဏ်းများ၌ INGO များအားကယ်ထုတ်ခဲ့ရမှုနှင့် ဖေဖော်ဝါရီလက နယ်စည်းမခြားဆရာဝန်များအဖွဲ့အား မောင်းထုတ်ခဲ့မှုတို့၏ ရလဒ်ဖြစ်သော ဆေးဝါးစောင့်ရှောက်မှုမရှိတော့ခြင်းနှင့်ဆက်စပ်နေသည်ဟု သတင်းများရရှိပါသည်။ စစ်တွေအနီးမှ စခန်းတွင်ရိုဟင်ဂျာအများအပြားနေထိုင်ကြပါသည်။

ဧပြီလ ၂ ရက်နေ့တွင် စစ်တွေမှပြင်းထန်စွာအဟာရချို့တဲ့နေသောကလေး ၃၀၀ တို့သည် စံနစ်တကျ ကုထုံးကျကျကုသမှုများအား မရရှိနိုင်ကြကာ လျော့နည်းသွားသောသိုလှောင်ထားမှုများအား ထပ်မံဖြည့်တင်းပေးရန် ရခိုင်ပြည်နယ်၌ အစားအစာတန် ချိန် ၁၇၀၀ မက်ထရစ်တန်လည်း လိုအပ်နေပါကြောင်း UNOCHA မှသတင်းပို့ခဲ့ပါသည်။ ဧပြီလ ၈ ရက်နေ့တွင် NGO များမှ ခရီးသွားခွင့်များမရရှိနိုင်ခြင်း သို့မဟုတ် လူနာများအတွက်ဆေးရုံနေရာများမရရှိနိုင်ခြင်းတို့ကြောင့် အရေးပေါ်ဆေးဝါး သေတ္တာများအား ဆေးရုံများသို့လွှဲပြောင်းမပေးနိုင်ခဲ့ပါဟု UNOCHA မှထုတ်ဖော်ပြောကြားလိုက်သည်။

အကူအညီပေးရေးအေဂျင်စီများပြန်လာနိုင်စေရန် US, UK, UN တို့မှတိုက်တွန်း

US နှင့် UK တို့သည် အန္တရာယ်ရှိကြောင်းသတိပေးမှုကိုအလေးပေးဖော်ပြလိုက်ကာ အကူအညီပေးရေးဝန်ထမ်းများပြန် လာနိုင်စေရန်အတွက် ကူညီဆောင်ရွက်ပေးပါရန်လည်း အစိုးရအားတိုက်တွန်းလိုက်သည်။ ရန်ကုန်မှအမေရိကန်သံရုံး အပါအဝင်အမေရိကန်နိုင်ငံခြားရေးဌာန၊ UNOCHA၊ နိုင်ငံတကာဖွံ့ဖြိုးရေး UK ဌာန (DFID)၊ UN မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးရီနာတာဒက်ဆာလီယန် Renata Dessalien တို့အား လုံးမှကြေငြာချက်များထုတ်ပြန်ခဲ့ကာ အချို့မှာအကြိမ်ကြိမ်ထုတ်ပြန်ခဲ့ကြသည်။ ထိုအထဲမှသတိပြုဖွယ်ဆင်တူသော ပြောဆိုမှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- **ဧပြီ ၇** - UK နိုင်ငံခြားရေးနှင့်ဓနသဟာယရုံး (UK FCO) ဝန်ကြီး ဟူဂိုဆွိုင်ယာ Hugo Swire ကဗြိတိန် နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးဦးကျော်စွာမင်းအား ဆင့်ခေါ်ကာ ရခိုင်ပြည်နယ်မှအကူအညီပေးရေးဝန်ထမ်း များနှင့်လူထုတို့၏ လုံခြုံရေးရှိမှုအား ကောင်းမွန်စွာရရှိစေရန်နှင့် အထိအခိုက်မခံနိုင်သောလူထုများထံသို့ လူသားချင်းစာနာမှု အကူအညီများရောက်ရှိမှုပြန်လည်ရရှိစေရန်အတွက် အစိုးရအားတိုက်တွန်းလိုက်သည်။
- **ဧပြီ ၁၀** - အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဒန်နီယယ်အာရပ်ဆဲလ် Daniel R. Russel က နေ ပြည်တော်တွင်ပြုလုပ်သော သမ္မတဦးသိန်းစိန်အပါအဝင် အရာရှိများနှင့်တွေ့ဆုံပွဲ၌ ရခိုင်ပြည်နယ်မှအကူအညီပေးရေး အဖွဲ့များအနေဖြင့် အလုပ်များအန္တရာယ်ကင်းစွာပြန်လည်စတင်နိုင်စေရေးအတွက် အမေရိကန်၏ပြင်းပြသောမျှော် လင့်ချက်နှင့်ဆန္ဒတို့အားထုတ်ဖော်ပြောကြားခဲ့သည်။

အစိုးရကပူးပေါင်းဆောင်ရွက်ရန်ကတိပေးသော်လည်း MSF နှင့် မော်တက်ဆာအပြည်ပြည်ဆိုင်ရာ Malteser International တို့ပြန်လည်ဝင်ရောက်ရေးကိုမူ တားဆီးပိတ်ပင်ခဲ့

အကူအညီများအရေးပေါ်လိုအပ်နေမှုမှာအထင်အရှားရှိနေသော်လည်း [အထက်မှ *အခြေအနေများကြောက်ခမန်းလိလိဖြစ်နေ၊ နိုင်ငံတကာအသိုင်းအဝိုင်းမှအကူအညီပေးရေးအေဂျင်စီများပြန်လည်ဝင်ရောက်နိုင်ရန်တိုက်တွန်း* တွင်ကြည့်ပါ။] အစိုးရသည်ရခိုင်ပြည်နယ်သို့ အကူအညီများပေးမှုအားပိတ်ပင်ခြင်းနှင့်ပတ်သက်၍ခေါင်းမာနေဆဲဖြစ်ပါသည်။ ဧပြီလ ၃ ရက်နေ့တွင် ရခိုင်ပြည်နယ်ပြောရေးဆိုခွင့်ရှိသူဦးဝင်းမြိုင်က နားလည်မှုစာချွန်လွှာသက်တမ်းရှိသေးသောအကူအညီပေးရေးအဖွဲ့များအား ရခိုင်ပြည်နယ်သို့ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရန် ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် မော်တက်ဆာအပြည်ပြည်ဆိုင်ရာအဖွဲ့ကိုမူ ဒေသခံများ [ဗုဒ္ဓဘာသာရခိုင်များ] မှအချိန်အတော်ကြာဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် ဆက်လက်တားမြစ်ထားရပါလိမ့်မည်ဟု ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်စစ်တွေ၌မတ်လ ၂၆-၂၇ ရက်နေ့ကဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအားစုံစမ်းစစ် ဆေးရန် တာဝန်ပေးခံရသည့် အစိုးရ၏ကော်မရှင်မှတွေ့ရှိချက်များကို ဧပြီလ ၉ ရက်နေ့တွင် အစိုးရပိုင်သတင်းစာဖြစ်သည့် New Light of Myanmar ကထုတ်ပြန်ကြေငြာခဲ့ပြီး အောက်ပါအတိုင်းပြောကြားထားသည်။

- မော်တက်ဆာအပြည်ပြည်ဆိုင်ရာသည် အဖွဲ့၏ရပ်တည်ချက်များနှင့်ပတ်သက်ပြီး မှားယွင်းစွာကိုယ်စားပြုမှုမဖြစ်ရစေရန်အတွက် ၎င်းတို့၏ရုံးအဆောက်အဦးမှ (စစ်တွေတွင်) ဗုဒ္ဓဘာသာအလံကိုဖယ်ချခဲ့သည်။
- ဖြစ်ရပ်အား အကြမ်းဖက်မှုများစတင်ရန် ဆင်ခြေအကြောင်းပြချက်အဖြစ် အသုံးချခံခဲ့ရသည်။
- အကြမ်းဖက်မှုများအား ရခိုင်ပြည်နယ်အာဏာပိုင်များမှ တုန့်ပြန်မှုများသည်နှေးကွေးခဲ့သည်။
- လူ ၁၂ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အုပ်စုဖွဲ့အကြမ်းဖက်မှုတွင် သူတို့၏ပါဝင်ခဲ့ပုံကိုမေးမြန်းခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးမောင်မောင်အုန်းက ရခိုင်ပြည်နယ်တွင်လုပ်ငန်းများပြန်လည်စတင်နိုင်ရန် နိုင်ငံတကာအကူအညီပေးရေးအုပ်စုများအတွက် အစီအစဉ်များပြုလုပ်နေပြီဖြစ်ကြောင်းပြောကြားခဲ့သည်။ သို့သော်လည်း ဧပြီလ ၂၃ ရက်နေ့တွင် အစိုးရနှင့်ဒေသခံရခိုင်ပြည်နယ်အာဏာပိုင်များမှဖွဲ့စည်းထားသော အစိုးရအရေးပေါ်ညှိနှိုင်းရေးစင်တာ (ECC) က နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) နှင့်မော်တက်ဆာအပြည်ပြည်ဆိုင်ရာတို့အနေဖြင့် ရခိုင်ပြည်နယ်တွင် လုပ်ငန်းများပြန်လည်စတင်ရန်မဖြစ်နိုင်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ UN နှင့် INGO များကိုလည်း သူတို့၏စီစဉ်ထားသောလုပ်ငန်းအစီအစဉ်အချက်အလက်အသေးစိတ်ကိုမတင်ပြပါက ရခိုင်ပြည်နယ်တွင်လုပ်ကိုင်ခွင့်ပြုမည်မဟုတ်ကြောင်းလည်း ECC မှပြောကြားသေးသည်။ ဧပြီလ ၂၂ ရက်နေ့တွင် UN အေဂျင်စီနှင့် INGO ၂၃ ခုအနက် ၁၁ ခုသာရခိုင်ပြည်နယ်တွင် သူတို့၏လုပ်ငန်းများပြန်လည်စတင်နိုင်ခဲ့သည်ဟု သတင်းများရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများဆက်လက်ဖြစ်ပွား

ဧပြီလတွင် လူမျိုးဂိုဏ်းဂဏကိုအခြေခံသောအကြမ်းဖက်မှုဖြစ်စဉ်နှစ်ခု မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သည်။ ဧပြီလ ၄ ရက်နေ့တွင် ရန်ကုန် လှည်းကူးမြို့နယ်၌ မွတ်စလင် ၂ ဦးနှင့်ဗုဒ္ဓဘာသာဝင် ၁ ဦးတို့အကြား အပြဿနာမှအစပြုကာ ဗုဒ္ဓဘာသာအုပ်စုမှအိမ်တလုံးအားဖျက်ဆီးခြင်း၊ မွတ်စလင်ပိုင်အဆောက်အဦးများအားခဲများနှင့်ပစ်ခြင်း၊ ဗလီတခုအားတိုက်ခိုက်ကာဝင်ရောက်စီးနင်းခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။ အကြမ်းဖက်မှုအတွင်း လူ ၅ ဦးနှင့်ရဲတဦးတို့ထိခိုက်ဒါဏ်ရာရခဲ့ကြသည်။ လှည်းကူးမြို့နယ်အာဏာပိုင်များက မနက် ၆ နာရီည ၆ နာရီအပြင်မထွက်ရအမိန့်ကိုထုတ်ပြန်ခဲ့သည်။ ဧပြီလ ၆ ရက်နေ့တွင် အစိုးရပိုင်မီဒီယာမှ ထိုပြဿနာနှင့်ဆက်စပ်၍လူ ၁၃ ဦးအားဖမ်းဆီးလိုက်သည်ဟု သတင်းဖော်ပြခဲ့သည်။

ဧပြီလ ၁၅ ရက်နေ့တွင် ပဲခူးတိုင်းနတ္တလင်းမြို့နယ်မှလူအုပ်စုတခုသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတဦး၏အိမ်ရှေ့တွင် စုဝေးကြကာ သူမ၏မွတ်စလင်ရည်းစားဖြစ်သူအားအိမ်တွင်းမှထုတ်ပေးပါရန် တောင်းဆိုခဲ့ကြသည်။ ရဲများကထိုသူအားအန္တရာယ်ကင်းစေရန် အစောင့်အရှောက်နှင့်ထုတ်သွားပြီးနောက်တွင် ထိုအမျိုးသမီး၏မိသားစုနှင့်ဒေသခံဘုန်းတော်ကြီးများအကြား ဆက်လက်၍စကားများခဲ့ကြသည်။ နောက်တနေ့တွင် လူအုပ်စုသည်ပြန်လည်ရောက်ရှိလာကာ ထိုအမျိုးသမီးနှင့်၎င်း၏ဆွေမျိုးများ၏အိမ်များအပါအဝင် အိမ်လေးလုံးအားမီးရှို့ဖျက်ဆီးခဲ့ကြသည်။ ဧပြီလ ၁၈ ရက်နေ့တွင် ထိုတိုက်ခိုက်ခဲ့သူမည်သူ့ကိုမျှ အရေးမယူခဲ့ပါဟုရဲများက သတင်းပို့ခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူမှုအား အကြမ်းဖက်မှုများ၊ ဖယ်ချန်ထားခဲ့မှုများ၊ မြင့်တက်လာသောပဋိပက္ခများအတွက် အကြောင်းပြချက်အဖြစ်အသုံးချ

မတ်လတွင်စတင်ခဲ့ကာ ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရံပုံငွေအဖွဲ့ (UNFPA) မှငွေကြေးကူညီထောက်ပံ့သည့် ဆယ်စုနှစ်သုံးခုအတွင်း မြန်မာနိုင်ငံ၏ပထမဆုံးသန်းခေါင်စာရင်းကောက်ယူမှုအား လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဖယ်ချန်ထားခဲ့မှုများ၊ မြင့်တက်လာသောပဋိပက္ခများအတွက် အကြောင်းပြချက်ဆင်ခြေအဖြစ်အသုံးချခဲ့သည်။

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် တပ်မတော်မှမတ်လအထိထိုဒေသများအတွင်းသို့ နောက်ထပ်တပ်ရင်းများစေလွှတ်ခဲ့ကာ ထိုးစစ်များပိုမိုပြုလုပ်ခဲ့သည့်အတွက် အရပ်သားများအကြမ်းဖက်ခံရမှုများဖြစ်ပေါ်ခဲ့သည်။ [အောက်မှ *ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ထိုးစစ်များမြှင့်တင်ရန်တပ်မတော်၏ဆင်ခြေဝတ်ရုံ* နှင့် အောက်မှ *ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်အစိုးရမှသန်းခေါင်စာရင်းအတင်းအကြပ်ကောက်ယူ* တို့တွင်ကြည့်ပါ။]

မတ်လနှောင်းပိုင်းက ရိုဟင်ဂျာများမှသူတို့ကိုယ်ကိုသူတို့ရိုဟင်ဂျာဟုသတ်မှတ်ခွင့်မပြုရန် အစိုးရမှဆုံးဖြတ်ချက်ချအပြီးတွင် ရခိုင်ပြည်နယ်၌ ပြဿနာများဆက်လက်ဖြစ်ပွားနေခဲ့သည်။ [*၂၀၁၄ခုမတ်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] အစိုးရအရာရှိများနှင့်တပ်မတော်စစ်သားများသည် ရိုဟင်ဂျာများအားခြိမ်းခြောက်၍အကြမ်းဖက်ခဲ့ကြသည်။ [အောက်မှ *အစိုးရ၏သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံတကာစံနှုန်းများနှင့်မညီ၊ ရိုဟင်ဂျာများအားခြိမ်းခြောက်မှုများဆက်လက်ဖြစ်ပွား* တွင်ကြည့်ပါ။]

အခြားပြည်နယ်များမှလည်း မကျေနပ်သောတိုင်ကြားမှုများထွက်ပေါ်လာခဲ့သည်။ ပြည်ထောင်စုအမျိုးသားဖွံ့ဖြိုးရေးပါတီ (UNDP) ဥက္ကဌအဘူလ်တဟေး Abu Tahay က ရန်ကုန်တွင်နေထိုင်သောရိုဟင်ဂျာများအား ရိုဟင်ဂျာအဖြစ်မှတ်ပုံတင်ရန်ခွင့်မပြုပါဟု ပြောကြားလိုက်သည်။ ချင်းလူ့အခွင့်အရေးအုပ်စု Chin Human Rights Group မှနိုင်ငံဆိုင်ရာအစီအစဉ်ညှိနှိုင်းရေးမှူးဆလိုင်းဘာဝီသိုင်း Salai Bawi Thaing ကမြို့နယ်တော်တော်များများရှိ ချင်းတိုင်းရင်းသားများထံမှ တိုင်ကြားမှုများလက်ခံရရှိခဲ့ကာ စာရင်းကောက်ယူသူများသည်ထိုသူတို့အား တိုင်းရင်းသား သို့မဟုတ် ကိုးကွယ်သည့်ဘာသာနှင့်ပတ်သက်၍ မမေးမြန်းခဲ့ဟုပြောကြားခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူမှုသည် ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်တို့မှလွဲ၍ မတ်လ ၃၀ ရက်နေ့တွင်စတင်ခဲ့ကာ ဧပြီလ ၁၀ ရက်နေ့တွင်ပြီးဆုံးခဲ့သည်။

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှနောက်ထပ်ထိုးစစ်များကြောင့် တနိုင်ငံလုံးအနံ့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပထမမူကြမ်းအားထိခိုက်စေ

ဧပြီလတွင် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများဘက်မှ ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့များသည် မေလတွင်အချောသပ်ရန်ရည်ရွယ်ထားသော တနိုင်ငံလုံးအနံ့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ရေးဆွဲခဲ့ကြသည်။ သို့သော်လည်း ဧပြီ ၁၀ ရက်နေ့ကစတင်ခဲ့သော ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှ ပိုမိုပြင်းထန်လာသောတိုက်ပွဲများက စစ်မှန်သောအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သို့ရောက်ရှိရန် အစိုးရ၏ကတိကဝတ်များအပေါ် တိုင်းရင်းသားအဖွဲ့များမှယုံကြည်မှုအား အားနည်းကျဆင်းစေခဲ့သည်။

ဧပြီလ ၅ မှ ၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၂၁ ဖွဲ့မှကိုယ်စားလှယ်များသည် တနိုင်ငံလုံးအနံ့အပစ်အခတ်ရပ်စဲရေးမူကြမ်းရေးဆွဲရေး ညှိနှိုင်းမှုတွင်ပါဝင်ပတ်သက်သော တပ်မတော်နှင့်အစိုးရမှအရာရှိများနှင့် ရန်ကုန်ရှိမြန်မာငြိမ်းချမ်းရေးစင်တာ (MPC) တွင်တွေ့ဆုံခဲ့ကြသည်။ ဧပြီလ ၈ ရက်နေ့ အစည်းအဝေးအပြီးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၂၁ ဖွဲ့မှကိုယ်စားလှယ်များနှင့် ညှိနှိုင်းမှုတွင်ပါဝင်ပတ်သက်သောအစိုးရအရာရှိများသည် ပူးတွဲကြေငြာချက်

တစောင်ထုတ်ပြန်ခဲ့ကာ တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် ဆွေးနွေးပြင်ဆင်ဖြည့်စွက်နိုင်သည့်တခုတည်းသော ပထမမူကြမ်းကိုမူအားဖြင့်သဘောတူကြောင်းဖော်ပြခဲ့သည်။

ထိုကြေငြာချက်က အခေါ်အဝေါ်များနှင့်ပတ်သက်၍ သဘောမတူသည့်အတွက်ညှိနှိုင်းမှုကြန့်ကြာနေရသည့်ကိစ္စကိုမူဝန်ခံမှုမပြုလုပ်ခဲ့ပေ။ MPC အထူးအကြံပေးဦးလှမောင်ရွှေက "ပြည်တွင်းစစ်"၊"အပစ်အခတ်ရပ်စဲရေး"၊"ပြည်ထောင်စု"၊"တည်ဆဲဥပဒေအရ" စသည့်အခေါ်အဝေါ်အသုံးပြုမှုတို့နှင့်ပတ်သက်၍ ငြင်းခုန်သဘောမတူမှုများရှိခဲ့ကြောင်းဝန်ခံပြောကြားခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများက "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု" အားထောက်ခံမှုကိုဖော်ပြခဲ့သည်။ သို့သော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရှမ်းပြည်နယ်လားရှိုးမြို့တွင် ဧပြီလ ၆ ရက်နေ့ကပြုလုပ်သောအစည်းအဝေးအတွင်း၌ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုအားလုံး ဗဟိုစစ်တပ်၏ထိန်းချုပ်မှုအောက်ထဲသို့ ဝင်လာရမည်ဟုအမိန့်ပေးထားသော ၎င်းတို့၏ အချက် ၆ ချက်ပါပေါ်လစီကို အပစ်အခတ်အရပ်စဲရေးမူကြမ်းထဲသို့ထည့်သွင်းရန် တပ်မတော်၏ဆန္ဒကိုထပ်မံပြောကြားသွားခဲ့သည်။ ဧပြီလ ၇ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များက တပ်မတော်၏တောင်းဆိုမှုများကို အပစ်အခတ်ရပ်စဲရေးမူကြမ်းထဲသို့ ပူးပေါင်းထည့်သွင်းခြင်းသည် မူကြမ်းအဆိုနှစ်ခုအားတခုတည်းအဖြစ်ပေါင်းစပ်ရန်အစီအစဉ်အား ရှုပ်ထွေးသွားစေသည်ဟုပြောကြားလိုက်သည်။

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဖြစ်ပွားဆဲတိုက်ပွဲများသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် KIA ၏ယုံကြည်မှုအား လျော့နည်းကျဆင်းစေပါသည်။ ဧပြီလ ၁၃ - ၂၅ အမေရိကန်သို့သွားရောက်ခဲ့မှုအတွင်း KIA ဒုဦးစီးချုပ်ဗိုလ်မှူးချုပ်ဂွမ်မော်က အကြမ်းဖက်မှုများမြင့်တက်လာခြင်းသည် KIA အား အားနည်းအောင်ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်ပြီး အကယ်၍အစိုးရကစစ်ရေးနည်းလမ်းများဖြင့်အပစ်အခတ်ရပ်စဲရေးသဘောတူချက်ကို လက်မှတ်ထိုးရန်အတင်းအကြပ်လုပ်ဆောင်လာခဲ့ပါက ၎င်းတို့အနေဖြင့်လက်မှတ်ထိုးမည်မဟုတ်ပါဟုပြောကြားခဲ့သည်။ ဧပြီလ ၂၃ ရက်နေ့တွင် တိုင်းရင်းသားအုပ်စုများ၏မဟာမိတ်အဖွဲ့ဖြစ်သော ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) က ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမှတပ်မတော်၏ထိုးစစ်များသည် တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ထိခိုက်အားနည်းစေနိုင်သည်ဟု ပြောကြားလိုက်သည်။ ဧပြီလ ၂၆ - ၂၇ တွင် တိုင်းရင်းသားအုပ်စုခေါင်းဆောင်များသည် နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်များရေးဆွဲခြင်းနှင့် ပဋိပက္ခဒေသများမှအရပ်သားများအားအကာအကွယ်ပေးခြင်း တို့အပါအဝင်မူကြမ်းအားနောက်ဆုံးအချောမသတ်ခင် ပါဝင်ပြင်ဆင်လိုသောအချက်များနှင့်ပတ်သက်၍ဆွေးနွေးနိုင်ရန်နှင့် အပစ်ရပ်စဲရေးမူကြမ်းအားပြန်လည်သုံးသပ်နိုင်ရန်အတွက် ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် တွေ့ဆုံခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူမှု - ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ထိုးစစ်များမြှင့်တင်ရန်တပ်မတော်၏ဆင်ခြေဝတ်ရုံ

မတ်လနှောင်းပိုင်းနှင့်ဧပြီလအစောပိုင်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်ဒေသများတွင် သန်းခေါင်စာရင်းကူညီကောက်ယူရန် ပြင်ဆင်သည်ဟူသောဆင်ခြေဖြင့် ကချင်ပြည်နယ်တောင်ပိုင်းတွင်တပ်မတော်မှစစ်တပ်အင်အားများကိုအကြီးအကျယ်တိုးမြှင့်ခဲ့သည်။ [အပေါ်မှ *သန်းခေါင်စာရင်းကောက်ယူမှုအား အကြမ်းဖက်မှုများ၊ ဖယ်ချန်ထားခဲ့မှုများ၊ မြင့်တက်လာသောပဋိပက္ခများအတွက် အကြောင်းပြချက်အဖြစ်အသုံးချ* တွင်ကြည့်ပါ။] စစ်တပ်များရှိနေမှုမြင့်တက်လာခြင်းသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင် KIA နှင့်၎င်း၏မဟာမိတ်ဖြစ်သော တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အား တိုက်ခိုက်မှုများဆက်တိုက်ဖြစ်ပေါ်လာစေခဲ့သည်။ ရှေ့နောက်လွဲနေသော ပြည့်စုံသည့်သက်သေသာဓကများရှိနေသော်လည်း ဧပြီလ ၁၁ ရက်နေ့တွင် သမ္မတဦးသိန်းစိန်၏ ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က ကချင်ပြည်နယ်တွင်တိုက်ပွဲများဖြစ်ပွားသည်ဟူသော အသေးစိတ်အချက်အလက်များလက်ခံမရရှိခဲ့ပါဟု ပြောကြားခဲ့သည်။ ဧပြီလ ၂၁ ရက်နေ့တွင် ဦးရဲထွတ်သည် တပ်မတော်မှမိမိကိုယ်ကိုကာကွယ်ရန်သာတိုက်ရပါသည်ဟူသော နေပြည်တော်၏ဒေါသဖြစ်စိတ်ဆိုးဖွယ်ရာကြေငြာချက်ကို ထပ်မံပြောကြားခဲ့သည်။

- **ဧပြီ ၁** - ရှမ်းပြည်နယ်တောင်ပိုင်းမူဆယ်နှင့်ကွတ်ခိုင်မြို့နယ်များတွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကာ မူဆယ်မြို့နယ်ပန်ခွမ်းနံကျေးရွာအနီးရှေ့တန်းစခန်းမှ KIA တပ်များပြန်ဆုတ်ခွါရန် အတင်းအကြပ်ဖိအားပေးခဲ့သည်။
- **ဧပြီ ၄** - ရှမ်းပြည်နယ်ကွတ်ခိုင်မြို့နယ်သာပန်ခွန်းကျေးရွာတွင် အစိုးရတပ်များနှင့် TNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၄** - ကချင်ပြည်နယ်မန်စီမြို့နယ်နမ်ခကျေးရွာအနီး KIA ၏ မရူမောန်းဂိတ်တွင် KIA တပ်များက အစိုးရတပ် ခမရ ၅၆၇ မှ ဒုဗိုလ်မှူးကြီးမျိုးညွန့်အားသတ်ခဲ့သည်။
- **ဧပြီ ၄ ၊ ၅** - ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်မြို့နယ်တွင် အစိုးရတပ် ခလရ ၉၅ မှတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။

ဧပြီ ၁၀ - ၁၈ တွင် ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်းမြို့နယ်များနှင့် ကချင်ပြည်နယ်မန်စီနှင့်မိုးမောက်မြို့နယ်များမှ KIA စခန်းများကိုအစိုးရတပ်များက တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဘက်တိုက်ပွဲများပြင်းထန်ခဲ့ပြီး အခြေခံစခန်းများ၊ ကွပ်ကဲရေးပို့ဆောင်ရေးလမ်းကြောင်းများအားသိမ်းယူခဲ့သည်။

- **ဧပြီ ၁၀** - ကချင်ပြည်နယ်မန်စီမြို့နယ်တွင် ခမရ ၆၈ မှအစိုးရတပ်များက KIA တပ်ရင်း ၂၇ အားတိုက်ခိုက်ခဲ့ကာ KIA အုပ်ချုပ်ရေးရုံးနှင့်အခြေခံစခန်းများအား သိမ်းယူခဲ့သည်။
- **ဧပြီ ၁၀** - ကချင်ပြည်နယ်မန်စီမြို့နယ်ခဖရွာတွင် ခမရ ၆၀၁ မှအစိုးရတပ်များနှင့် ကချင်ပြည်သူ့စစ်တပ်များ Kachin People's Militia (KIA နှင့်ချိတ်ဆက်မှုရှိသောပြည်သူ့စစ်) တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၁၀ ၊ ၁၁** - ကချင်ပြည်နယ်မန်စီမြို့နယ်မိုင်ဂျာယန်းအနီးမှစခန်းများအပါအဝင် KIA စခန်းများအား သန်းခေါင်စာရင်းကောက်ယူသူများနှင့်အတူလိုက်ပါလာသော အစိုးရတပ်များကတိုက်ခိုက်ခဲ့သည်။
- **ဧပြီ ၁၁** - ကချင်ပြည်နယ်မန်စီမြို့နယ်မှရွာငါးရွာတွင် အစိုးရတပ်များနှင့် KIA တပ်ရင်း ၂၇ တို့တိုက်ပွဲဖြစ်ပွားခဲ့ကာ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့၍ KIA တပ်ရင်း ၂၇ ဌာနချုပ်စခန်းနှင့် ပန်ခမ်းမှတရုတ်သို့သွားရာအဓိကနယ်စပ်လမ်းတို့ကိုသိမ်းပိုက်ခဲ့သည်။
- **ဧပြီ ၁၁** - ကချင်ပြည်နယ်မိုးမောက်မြို့နယ်မော်စွီအော်န်လွတ်ရွာတွင် အစိုးရတပ်များနှင့် KIA တပ်ရင်း ၁၂ တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၁၂** - ကချင်ပြည်နယ်မန်စီမြို့နယ်တွင် ပန်ခမ်းနယ်စပ်ဂိတ်အားအစိုးရတပ်များမှသိမ်းယူခဲ့ကာ မန်စီမြို့နယ်မှ မန်စီ-ပန်ခမ်း-မန်ဝိန်း လမ်းကြောင်းကိုထိန်းချုပ်ခဲ့သည်။
- **ဧပြီ ၁၅** - ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ်ခခစ်ပ်ရွာတွင် အစိုးရတပ်များနှင့် KIA တပ်ရင်း ၉ တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၁၅ ၊ ၁၆** - ဧပြီလ ၁၃ ရက်နေ့ကတပ်မတော်ယာဉ်တန်းမှ ထရပ်ကားနှစ်စီးအား KIA မှဗုံးဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ကချင်ပြည်နယ်မိုးမောက်မြို့နယ်မှ KIA စခန်းနှစ်ခုအားအစိုးရတပ်များမှသိမ်းယူခဲ့ကာ ကချင်ပြည်နယ်မိုးမောက်မြို့နယ်နှင့်ဗန်းမော်မြို့နယ်တို့အားဆက်သွယ်ထားသည့် ဗန်းမော်-လွယ်ဂျယ်ကားလမ်းအား ထိန်းချုပ်ထားနိုင်ခဲ့သည်။
- **ဧပြီ ၂၀** - ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်နမ့်စရွာတွင် အစိုးရတပ်များနှင့် KIA တပ်ရင်း ၂ တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၂၃** - အဖြစ်အပျက်နှစ်ခုတွင် ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ်နမ့်ပါခနှင့် နမ့်ခမ်းမြို့နယ်နမ့်ခမ်းတို့အကြားရှိလမ်းပေါ်၌ အစိုးရတပ်များနှင့် TNLA တပ်ရင်း ၄၇၈ မှတပ်များတိုက်ပွဲဖြစ်ပွားခဲ့ကာ ရှမ်းပြည်နယ်မြောက်ပိုင်းနမ့်ခမ်းမြို့နယ်တွင် တပ်ရင်း ၁၁၂ နှင့်တိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **ဧပြီ ၂၃** - ကချင်ပြည်နယ်တောင်ပိုင်းမန်စီမြို့နယ်ဘောက်နွှိုင်းရွာမှ KIA တပ်ရင်း ၂၇ မှတပ်များနှင့် ခမရ ၆၈ နှင့် ၂၄၀ တို့မှအစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။ အစိုးရတပ်များက ၈၁မမ မော်တာကျည်များဖြင့်ရွာကိုပစ်ခတ်ခဲ့ကြသည်။
- **ဧပြီ ၂၃** - ရှမ်းပြည်နယ်မြောက်ပိုင်းနမ့်ခမ်းမြို့နယ်မှ အဖြစ်အပျက်နှစ်ခုတွင် အစိုးရတပ်များနှင့် TNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၂၅** - ရှမ်းပြည်နယ်မြောက်ပိုင်းနမ့်ခမ်းမြို့နယ်မန်ဘန်ရွာမှ TNLA တပ်များနှင့် ခမရ ၁၄၄ မှအစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။

- **ဧပြီ ၂၉** - ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်မြို့နယ်ယင်လဘမ်မှ KIA တပ်ရင်း ၃၆ နှင့် ၃၈ တို့အား ခမရ ၂၃၉ မှအစိုးရတပ်များက တိုက်ခိုက်ခဲ့ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်မြို့နယ်နမ်ဂပ်ရွာမှ အရပ်သားများနေထိုင်ရာသို့ အစိုးရတပ်များ၏ မော်တာကျည်များကျရောက်ခဲ့သည်။

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်အစိုးရမှသန်းခေါင်စာရင်းကောက်ယူမှုများကိုအတင်းအကြပ်ပြုလုပ်

ကချင်နှင့်ရှမ်းပြည်နယ်များတွင် တိုက်ပွဲများ များပြားလာခြင်းကြောင့် အရပ်သားများအိုးအိမ်များမှစွန့်ခွာထွက်ပြေးကြရကာ အကူအညီနှင့်ကျန်းမာရေးစောင့်ရှောက်မှုများမရရှိပဲဖြစ်နေကြရသည်။ မတ်လတွင် KIA ထိန်းချုပ်ဒေသများတွင် သန်းခေါင်စာရင်းကောက်ယူရန် အစိုးရ၏ပန်ကြားချက်ကို KIA မှပယ်ချခဲ့သော်လည်း အစိုးရကထိုပယ်ချသောအဖြေကို လက်ခံရန်ငြင်းဆန်ခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် ကချင်ပြည်နယ်မန်စီမြို့နယ်မန်ဝိန်းရွာသို့အစိုးရတပ်များရောက်ရှိလာကာ သန်းခေါင်စာရင်းအတင်းအကြပ်ကောက်ယူရန်ခြိမ်းခြောက်ခဲ့သည်။ ဧပြီလပထမလဝက်တခုလုံးတွင် အစိုးရတပ်မှစစ်သားများ၊ ရဲများသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် မြောက်ပိုင်းတို့သို့လာရောက်ခဲ့ကြသော သန်းခေါင်စာရင်းကောက်ယူသူများနှင့်အတူလိုက်ပါလာခဲ့ကြသည်။ သန်းခေါင်စာရင်းကောက်ယူသူများကိုအကူအညီပေးရင်း အစိုးရတပ်များသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှ KIA စခန်းများကို ပြင်းထန်သောထိုးစစ်များဆက်တိုက်ထိုးခဲ့ကြသည်။ [အထက်မှ *သန်းခေါင်စာရင်းကောက်ယူမှု - ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ထိုးစစ်များမြှင့်တင်ရန်တပ်မတော်၏ ဆင်ခြေဝတ်ရုံ* တွင်ကြည့်ပါ။] အကြမ်းဖက်မှုများဖြစ်ပွားခဲ့သော်လည်း ဧပြီလ ၂၂ ရက်နေ့တွင် ကချင်ပြည်နယ်မိုးမောက်မြို့နယ်လိုင်ဇာမှ KIO ဌာနချုပ်အနီးရှိရွာ ၉၀ တို့တွင် အမျိုးသားသန်းခေါင်စာရင်းကောက်ယူမှုကိုဆက်လက်ပြုလုပ်ပါရန် KIO မှအစိုးရလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအား ခွင့်ပြုခဲ့ပါသည်။

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်အစိုးရတပ်များ၏ထိုးစစ်များအတွင်းအရပ်သားများထိခိုက်ခံစားရ

KIA အပေါ်တိုးမြှင့်လာသောအစိုးရတပ်များ၏ထိုးစစ်များကြောင့် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် များပြားလှသော အရပ်သားများအိုးအိမ်မှစွန့်ခွာထွက်ပြေးရမှုများဖြစ်ပေါ်ခဲ့သည်။

- **ဧပြီ ၁၀** - ကချင်ပြည်နယ်မိုးမောက်မြို့နယ်ကဂမ်ရွာတွင် ၁၇ နှစ်အရွယ်မိန်းကလေးတဦးအား ခမရ ၃၂၀ မှအစိုးရတပ်သားနှစ်ဦးက မုဒိမ်းကျင့်ခဲ့ကြသည်။
- **ဧပြီ ၁၀** - ကချင်ပြည်နယ်မန်စီမြို့နယ်မိုင်ဂျာယန်းအနီးတွင် KIA စခန်းများအား အစိုးရတပ်များကတိုက်ခိုက်သည့်အခါ အူယန်းနှင့်နမ်ခပရွာများမှ ရွာသား ၃၀၀ တို့အိုးအိမ်များမှစွန့်ခွာထွက်ပြေးကြရသည်။
- **ဧပြီ ၁၀ ၊ ၁၁**- ကချင်ပြည်နယ်မန်စီမြို့နယ်လဂတ်ယန်း IDP စခန်းအား အစိုးရတပ်များကလက်နက်ကြီးများဖြင့် ပစ်ခတ်သည့်အတွက် အသက် ၄၀ အရွယ်ရှမ်းရွာသားတဦးအားဒါဏ်ရာရစေခဲ့ကာ IDP ၈၀၀ ခန့်တို့ကိုထွက်ပြေးစေခဲ့ပြီး ရှမ်း၊ ကချင်နှင့်ပလောင် ၂၀၀၀ ကျော်တို့အား ရှမ်းပြည်နယ်နမ်ခမ်းမြို့နယ်သို့ထွက်ပြေးရခြင်း နှင့် တရုတ်-မြန်မာနယ်စပ်ကိုဖြတ်ကျော်ထွက်ပြေးရခြင်းတို့ကိုဖြစ်စေခဲ့သည်။ နယ်စပ်ကိုဖြတ်ကျော်လိုက်သည်နှင့်အစိုးရတပ်များက ရွာသား များကိုပစ်မှတ်ထားကာ လက်နက်ငယ်များ၊ လက်နက်ကြီးကျည်များဖြင့်ဆက်လက်တိုက်ခိုက်ခဲ့သည့်အတွက် ရွာသားနှစ်ဦးဒါဏ်ရာရရှိခဲ့သည်။
- **ဧပြီ ၁၁** - ကချင်ပြည်နယ်မိုးမောက်မြို့နယ်မော်စွီအော်န်လွတ်ရွာတွင် အစိုးရတပ်များက အရပ်သားနှစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်ဒါဏ်ရာရရှိစေခဲ့ကာ မော်တာသီးများဖြင့်ပစ်ခတ်ခဲ့သည်။
- **ဧပြီ ၁၂** - အစိုးရတပ်များက ကချင်အရပ်သား ၃၀ အားဖမ်းဆီးကာ ကချင်ပြည်နယ်ဖားကန့်မြို့နယ်မှစခန်းတခုသို့ ပို့ဆောင်ခဲ့သည်။
- **ဧပြီ ၁၆** - ကချင်ပြည်နယ်မန်စီမြို့နယ်မိုင်ဂျာယန်းအနီးရှိရှမ်းရွာသားတထောင်တို့သည် ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် တရုတ်ပြည်သို့ထွက်ပြေးခဲ့ကြရသည်။
- **ဧပြီ ၁၆** - ကချင်ပြည်နယ်မိုးမောက်မြို့နယ်ချယာရီဒက်ဂေါ်ရွာအနီးမှ စစ်ဆေးရေးဂိတ်တွင် အစိုးရတပ်များကကချင် အရပ်သားတစ်ဦးအားသေနတ်ဖြင့်ပစ်ခတ်ဒါဏ်ရာရရှိစေခဲ့သည်။
- **ဧပြီ ၁၇** - ကချင်ပြည်နယ်မိုးမောက်မြို့နယ်ချယာရီဘမ်ရွာသို့ အစိုးရတပ်များက ၁၀၅မမလက်နက်ကြီးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။

ဧပြီလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်မန်စီမြို့နယ်မန်ဝိန်းရွာမှတရုတ်ပြည်နန်ဒေါင်းမြို့ကိုဆက်သွယ်ထားသောလမ်းကို အစိုးရအာဏာပိုင်များမှပိတ်ပစ်လိုက်သည်ဟုသတင်းများရရှိကာ IDP များထံသို့ရောက်ရှိနိုင်ရန်ကြိုးပမ်းနေသောလူသားချင်းစာနာမှုဆိုင်ရာအုပ်စုများအား ရှုပ်ထွေးခက်ခဲသွားစေခဲ့သည်။ ဧပြီလ ၂၅ ရက်နေ့တွင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် မကြာခင်ကဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ကလေး ၁၀၀၀ တို့အပါအဝင် အနည်းဆုံးလူ ၅၀၀၀ အိုးအိမ်များကိုစွန့်ခွာထွက်ပြေးခဲ့ကြရသည်ဟု သတင်းများရရှိခဲ့သည်။

သစ်အလုံးလိုက်တင်ပို့ခြင်းကိုတားမြစ်ခြင်း - စစ်အင်အားချဲ့ထွင်ခြင်းကိုတိုးမြှင့်လုပ်ဆောင်ရခြင်း၏အခြားဆင်ခြေတခု

ဧပြီလ ၁ ရက်နေ့တွင် အစိုးရ၏သစ်အလုံးလိုက်နိုင်ငံခြားသို့တင်ပို့ခြင်းအား ပိတ်ပင်သည့်အမိန့်သည်အသက်ဝင်လာခဲ့သည်။ အစိုးရအာဏာပိုင်များက ထိုပိတ်ပင်မှုအားအကောင်အထည်ဖော်ခြင်းကို ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စစ်အင်အားချဲ့ထွင်မှုကိုတိုးမြှင့်နိုင်ရန်ဆင်ခြေတခုအဖြစ်အသုံးချခဲ့သည်။ ဧပြီလ ၁၉ ရက်နေ့တွင် အစိုးရကာကွယ်ရေးဝန်ကြီးဌာနက ကချင်ပြည်နယ်မှတရုတ်သို့သွားသောနယ်စပ်လမ်းကြောင်းများအကြားရှိ သစ်အလုံးလိုက်တင်ပို့သည့်သစ်မှောင်ခိုများအား တပ်မတော်မှအရေးယူသွားမည်ဟုကြေငြာခဲ့သည်။ ဧပြီလတွင် ထိုလုပ်ပိုင်ခွင့်သည် ရှမ်းပြည်နယ်ကွတ်ခိုင်မြို့နယ်နှင့်ကချင်ပြည်နယ်မန်စီမြို့နယ်တပိုက်အပါအဝင် တရားမဝင်သစ်တင်ပို့သည့်လမ်းကြောင်းများတလျှောက်ရှိ KIA ၏အဓိကစခန်းများအား တပ်မတော်မှတိုက်ခိုက်ခြင်းအဖြစ်သို့ အဓိပ္ပါယ်သက်ရောက်သွားသည်။ [အထက်မှ *သန်းခေါင်စာရင်းကောက်ယူမှု - ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ထိုးစစ်များ မြှင့်တင်ရန်တပ်မတော်၏ ဆင်ခြေဝတ်ရုံ* တွင်ကြည့်ပါ။]

အစိုးရ၏သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံတကာစံနှုန်းများနှင့်မညီ၊ ရိုဟင်ဂျာများအားခြိမ်းခြောက်မှုများဆက်လက်ဖြစ်ပွား

ရခိုင်ပြည်နယ်မှရိုဟင်ဂျာများနှင့်ပတ်သက်သည့် လူမျိုးရေးတင်းမာမှုများမြင့်မားလာသောရလဒ်အဖြစ် မတ်လ ၂၆ - ၂၇ နေ့က အကူအညီပေးရေးဝန်ထမ်းများအားတိုက်ခိုက်ခံရမှုနောက်တွင် [*၂၀၁၄ခုမတ်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] အစိုးရသည်သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်အတွင်းတွင် ရိုဟင်ဂျာများအားဆက်လက်ခြိမ်းခြောက်အနိုင်ကျင့်မှုများပြုလုပ်ခဲ့သည်။ ရိုဟင်ဂျာရွာများသို့သွားရောက်သော သန်းခေါင်စာရင်းကောက်ယူသူများနှင့်အတူ ရဲများ၊ စစ်တပ် များ၊ လဝကအရာရှိများပါအတူလိုက်ပါကြကာ ထိုကျေးရွာများတွင် ရိုဟင်ဂျာဟုသူတို့ကိုယ်ကိုသူတို့ပြောသူများအား ဓာတ်ပုံများရိုက်ခြင်း၊ နေထိုင်သူများအားနှုတ်အားဖြင့်စော်ကားခြင်း၊ တံခါးများအားကန်ကျောက်ခြင်း၊ နေထိုင်သူများမှာ မည်သူမည်ဝါဖြစ်သည်ဟု ဖော်ပြထားသောအမှတ်အသားများအား ဆုတ်ဖြဲပစ်ခြင်းစသည်တို့ကိုလုပ်ဆောင်ကြသည်။ အကယ်၍လူတဦးက သူတို့သည်ရိုဟင်ဂျာလူမျိုးဖြစ်ပါသည်ဟု ပြောကြားပါက သန်းခေါင်စာရင်းကောက်ယူသူများသည် ရိုဟင်ဂျာအမည်အားတိုင်းရင်းသားလူမျိုးအဖြစ်မှတ်သားရန် သို့မဟုတ် သန်းခေါင်စာရင်းမေးခွန်းများအားဆက်လက်မေးမြန်းရန် ငြင်းဆန်ခဲ့ကြသည်။

ဧပြီလ ၂၂ ရက်နေ့တွင် အစိုးရပြည်သူ့အင်အားဦးစီးဌာနဦးဆောင်ညွှန်ကြားရေးမှူးဦးမြင့်ကြိုင်က သူတို့ကိုယ်ကိုသူတို့ သူတို့ဆန္ဒရှိသလိုသတ်မှတ်နိုင်ခွင့်မရရှိသည့်အတွက် ဆန္ဒပြသည့်အနေဖြင့်ဘင်္ဂါလီ ၇ သိန်းတို့မှပူးပေါင်းပါဝင်ရန် ငြင်းဆန်ခဲ့သောကြောင့် သန်းခေါင်စာရင်းကောက်ယူမှုအား ဇွန်လ ၁၀ ရက်နေ့အထိတိုးမြှင့်လိုက်ကြောင်းပြောကြားခဲ့သည်။ ဧပြီလ ၂၅ ရက်နေ့တွင် ပထမအကြိမ်ကောက်ယူစဉ်ကချန်လုပ်ထားခြင်းခံခဲ့ရသော ရခိုင်ပြည်နယ်မှမွတ်စလင်များသည် သူတို့ကိုယ်ကိုသူတို့ဘင်္ဂါလီဟုသတ်မှတ်လျှင်သော်လည်းကောင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးနှင့်သက်ဆိုင်သောမေးခွန်းများကို လုံးဝလစ်လျူရှု့ရန် (မဖြေရန်) သဘောတူလျှင်သော်လည်းကောင်း သန်းခေါင်စာရင်းကောက်ယူခြင်းအားပြီးပြည့်စုံစေနိုင်မည်ဟု အစိုးရမှအဆိုပြုခဲ့သည်ဟုသတင်းများရရှိခဲ့သည်။

အစိုးရသည် သန်းခေါင်စာရင်းကောက်ယူခြင်းကို နိုင်ငံတကာစံနှုန်းများ၊ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီလုပ်ဆောင်ပါမည်ဟု UN အားပေးခဲ့သည့်ကတိကို ချိုးဖောက်လိုက်ကာ ထိုသို့ပြုလုပ်ခြင်းသည် ရခိုင်ပြည်နယ်တွင်တင်းမာမှုများကို ပိုမိုမြင့်မားလာစေနိုင်ကာ အချက်အလက်များကောက်ယူနေမှုအား ယုံကြည်ကိုးစားနိုင်မှုကိုလည်းယုတ်လျော့နိမ့်ကျစေပါ

သည်ဟု UNFPA ကပြောကြားလိုက်သည်။ ဧပြီလ ၇ ရက်နေ့တွင် UN မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက အမျိုးသားသန်းခေါင်စာရင်းကောက်ယူမှုတွင် ရိုဟင်ဂျာများအားသူတို့ကိုယ်ကိုသူတို့ ရိုဟင်ဂျာဟုပြောဆိုသတ်မှတ်ခွင့်မပြုသော အစိုးရ၏ဆုံးဖြတ်ချက်သည် လူဦးရေစာရင်းကောက်ယူမှုသည် နိုင်ငံတကာစံနှုန်းများဖြင့်မကိုက်ညီပါဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်ဟုပြောကြားလိုက်သည်။ ဧပြီလ ၂၅ ရက်နေ့တွင် UN အထွေထွေအတွင်းရေးမှူးဘန်ကီမွန်းက မတ်လ၌အကူအညီပေးရေးအဖွဲ့များအားတိုက်ခိုက်ခဲ့ခြင်းများသည် "သန်းခေါင်စာရင်းကောက်ယူမှုအား [......] အဟန့်အတားဖြစ်စေရန် ရည်မှန်းထားပုံရသည်" ဟုပြောကြားလိုက်သည်။ [အထက်မှ *UNSC၊ UNSG တို့က* ရခိုင်ပြည်နယ်မှအခြေအနေများအပေါ်စိုးရိမ်ပူပန်ကြောင်းဖော်ပြ၊ *သတိပေးပြောကြားကြ* တွင်ကြည့်ပါ။]

ဦးဝင်းတင်ကွယ်လွန်မှုအပေါ်မြန်မာနိုင်ငံမှလူထုများဝမ်းနည်းပူဆွေးကြ

ဧပြီလ ၂၁ ရက်နေ့တွင် ၁၉ နှစ်မျှနိုင်ငံရေးအကျဉ်းသားအဖြစ်နေခဲ့ရသူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) စတင်တည်ထောင်သူများထဲမှတဦးဖြစ်သူ ဦးဝင်းတင်သည်ကိုယ်ခန္ဓာအစိတ်အပိုင်းတော်တော်များများ အလုပ်မလုပ်တော့သည့်အတွက် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် အသက် ၈၄ နှစ်၌ကွယ်လွန်သွားခဲ့ပါသည်။ ဧပြီလ ၂၃ ရက်နေ့တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ တက်ကြွလှုပ်ရှားသူများ၊ လူထုအဖွဲ့အစည်းခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ သတင်းစာဆရာများနှင့်သံတမန်အသိုင်းအဝိုင်းမှပုဂ္ဂိုလ်များအပါအဝင် လူတန်းစားပေါင်းစုံမှဦးဝင်းတင်အားထောက်ခံသူ ထောင်သောင်းများစွာတို့သည် သူ၏ဈာပနအခမ်းအနားအားတက်ရောက်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၊ NLD နာယကတဦးဖြစ်သည့်ဦးတင်ဦးတို့အပါအဝင် NLD အဖွဲ့ဝင်တော်တော်များများလည်းတက်ရောက်ခဲ့ ကြသည်။ ၈၈ ငြိမ်းချမ်းပွင့်လင်းမှခေါင်းဆောင်ကိုမင်းကိုနိုင်လည်းတက်ရောက်ခဲ့သည်။ အစိုးရမှနိုင်ငံရေးအကျဉ်းသားများအားဆက်လက်ဖမ်းဆီးနေခြင်းကို ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် သူ၏အပြာရောင်ထောင်ဝတ်စုံကိုဝတ်ဆင်ခဲ့သူ ဦးဝင်းတင်အားဂုဏ်ပြုသည့်အနေဖြင့် တော်တော်များများတို့သည်အပြာရောင်များကိုဝတ်ဆင်ထားကြသည်။

ဦးဝင်းတင်သည်ကျော်ကြားသောသတင်းစာဆရာတဦးဖြစ်ကာ ထင်ရှားသောလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက်ရှေ့နေတဦးလည်းဖြစ်သည်။ သူသည် အစိုးရ၊ နိုင်ငံရေးအကျဉ်းသားများအားဆက်လက်ဖမ်းဆီးနေမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ တပ်မတော်၏နိုင်ငံရေးပါဝါ စသည်တို့ကိုမယိမ်းမယိုင်ဝေဖန်ထောက်ပြနေသူတဦးဖြစ်ပါသည်။ တိုင်းရင်းသားခေါင်းဆောင်များသည် အစိုးရတွင်လူနည်းစုများ၏ပိုမိုအရေးပါသောကိုယ်စားပြုမှုကိုသေချာစေမည့် ဖက်ဒရယ်ပြည်ထောင်စုအား သူ၏အစဉ်အမြဲသက်ဝင်ယုံကြည်လုပ်ဆောင်နေမှုအပေါ် ပြောဆိုနေကြသည်။

လူ့အခွင့်အရေး

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအားစုံစမ်းစစ်ဆေးရန်မြန်မာနိုင်ငံအားကုလအထွေထွေအတွင်းရေးမှူးချုပ်တိုက်တွန်း

ဧပြီလ ၂၅ ရက်နေ့တွင် နယူးယောက်မြို့မှအလွတ်ဒီဘိတ်ကဏ္ဍအတွင်း ကုလအထွေထွေအတွင်းရေးမှူးဘန်ကီမွန်းက ကုလလုံခြုံရေးကောင်စီအား သူ၏ "ပဋိပက္ခများနှင့်ဆက်စပ်နေသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု" အမည်ရှိအစီရင်ခံစာကိုတင်ပြခဲ့သည်။ ထိုအစီရင်ခံစာက ပဋိပက္ခများနှင့်ဆက်စပ်နေသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အထူးစိုးရိမ်ဖွယ်ရာဖြစ်နေသည့် နိုင်ငံ ၂၁ နိုင်ငံအနက်မြန်မာနိုင်ငံအားတနိုင်ငံအဖြစ်သတ်မှတ်ထားသည်။ ဘန်ကီမွန်းက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် ယခင်ရောယခုပါဖြစ်ပွားနေသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအား အစိုးရမှ "အပြည့်အဝစုံစမ်းစစ်ဆေးပါရန်နှင့်တုန့်ပြန်ကူညီပေးပါရန်" တိုက်တွန်းလိုက်ပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှကာကွယ်မှုများနှင့်ကူညီတုန့်ပြန်လုပ်ဆောင်ရန်အစီအစဉ်များကို ဖွံ့ဖြိုးအောင်လုပ်ဆောင်ပေးပါရန်လည်းတိုက်တွန်းလိုက်သည်။

အစီရင်ခံစာအရ ၂၀၁၃ခုစက်တင်ဘာလကတည်းက တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့များက လိင်ပိုင်းဆိုင်ရာကျူးလွန်သူများအဖြစ်တင်ပြထားသောအစီရင်ခံစာများနှင့် ၇ နှစ်အရွယ်မျှမိန်းကလေးများအား မုဒိမ်းကျင့်သည့်အစီရင်ခံစာများအပါအဝင် မြန်မာနိုင်ငံမှလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်သောအစီရင်ခံစာများသည် ပိုမိုများပြားလာခဲ့ပါ

သည်။ ဘန်ကီမွန်းကလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် ရခိုင်ပြည်နယ်မှပစ်မှတ်ထားပြုလုပ်နေသည့်အကြမ်းဖက်မှုများ၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမှလက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်ဆက်နွယ်နေပါသည်ဟု ပြောကြားလိုက်သည်။ သူက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပြဿနာများအား ကိုင်တွယ်ဖြေရှင်းမှုနှင့်ကျွမ်းဝင်မှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုအသုံးအဆောင်များအား အကန့်အသတ်ဖြင့်သာရရှိနေကြရသူများဖြစ်သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ IDP စခန်းများမှရိုဟင်ဂျာများအနက်မှထိခိုက်ခံစားရသူများအတွက် စိုးရိမ်ပူပန်ကြောင်းကိုထုတ်ဖော်ပြောကြားလိုက်သည်။

အစိုးရမှနောက်သတင်းထောက်တဦးအား ထောင်ဒါဏ်ချမှတ်အပစ်ပေး

ဧပြီလတွင် DVB ဗွီဒီယိုသတင်းထောက်ကိုဇော်ဖေအား ထောင်ချအပစ်ပေးလိုက်ခြင်းအားဖြင့် မြန်မာနိုင်ငံမှမီဒီယာလွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်ရန်၎င်းတို့၏ကြိုးပမ်းမှုကို အစိုးရမှဆက်လက်လုပ်ဆောင်ခဲ့သည်။

၂၀၁၂ခုနှစ်ဩဂုတ်လက မကွေးတိုင်းပညာရေးဌာနတွင် ပညာသင်ဆုအစီအစဉ်နှင့်ပတ်သက်ပြီး ပြည်သူ့ဝန်ထမ်းတဦးနှင့်အင်တာဗျူးတခုပြုလုပ်ရန် ကြိုးစားခဲ့သည့်အတွက် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းအားနှောက်ယှက်မှုနှင့် ပိုင်နက်ကျူးလွန်မှုတို့ဖြင့်တရားစွဲဆိုခံရပြီး ဧပြီလ ၇ ရက်နေ့တွင် မကွေးတိုင်းမကွေးမြို့မှတရားရုံးတခုက ကိုဇော်ဖေအားထောင်ဒါဏ် တနှစ်ချမှတ်ခဲ့သည်။ တရားရုံးကဒေသခံကျောင်းသားမိဘတဦးဖြစ်သူ၊ အင်တာဗျူးသို့ကိုဇော်ဖေနှင့်အတူလိုက်ပါလာသူ ဦးဝင်းမြင့်လှိုင်ကိုလည်းအထက်ပါစွဲဆိုချက်များဖြင့်ပင် ထောင်ဒါဏ်တနှစ်ချမှတ်ခဲ့သည်။

နိုင်ငံတကာမီဒီယာလွတ်လပ်မှုနှင့်လူ့အခွင့်အရေးအုပ်စုများက ကိုဇော်ဖေအားထောင်ချလိုက်ခြင်းကို လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်နှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အစိုးရ၏ကတိကဝတ်များအပေါ်ယုံကြည်ကိုးစားမှုနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကိုမြင့်တက်စေသည့် မီဒီယာလွတ်လပ်ခွင့် ဆိုးရွားစွာနောက်ပြန်ဆုတ်ခြင်းအဖြစ် ဝေဖန်လိုက်သည်။ ဧပြီလ ၁၁ ရက်နေ့တွင် မကြာသေးခင်ကသတင်းထောက်များအား ဖမ်းဆီးမှုနှင့်ထောင်ချခဲ့မှုတို့အားကန့်ကွက်သည့်အနေဖြင့် မြန်မာနိုင်ငံမှပုဂ္ဂလိကသတင်းစာတော်တော်များများက အရှေ့စာမျက်နှာကိုအနက်ရောင်ဖြင့်ပုံနှိပ်ဖော်ပြခဲ့ကြသည်။

ဆန္ဒပြမှုများအတွက်နောက်ထပ်တရားစွဲဆိုမှုနှင့်ထောင်ချမှုများ

ဧပြီလတွင် အစိုးရအာဏာပိုင်များသည် တက်ကြွလှုပ်ရှားသူများအား ဆန္ဒပြခြင်းများအတွက်ဆက်လက် တရားစွဲဆိုကာ ထောင်ချခဲ့ကြသည်။

- **ဧပြီ ၁** - အစိုးရ၏မီတာခများတိုးမြှင့်ကောက်ခံရန်ဆုံးဖြတ်ချက်အား ကန့်ကွက်၍မတ်လ ၂၇ ရက်နေ့က မန္တလေးတွင် ဖယောင်းတိုင်းထွန်းညှိဆန္ဒပြခဲ့ပြီးနောက် တက်ကြွလှုပ်ရှားသူလေးဦးဖြစ်သော ကိုသိန်းအောင်မြင့်၊ ကိုစောလှအောင်၊ ကိုကျော်မျိုးထွန်းနှင့်မခက်ခက်တင်တို့အား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေပုဒ်မ ၁၈ အရ မန္တလေးမှအစိုးရအာဏာပိုင်များကတရားစွဲဆိုခဲ့ကြသည်။ တက်ကြွလှုပ်ရှားသူများအားရဲများကရက်စက်စွာဖမ်းဆီးခဲ့ကြသည်။ လေးရက်မျှထိန်းသိမ်းထားခဲ့ပြီးနောက် မတ်လ ၃၁ ရက်နေ့တွင်သူတို့အား အာမခံဖြင့်ပြန်လွှတ်ပေးခဲ့သည်။
- **ဧပြီ ၁** - လယ်သမားအခွင့်အရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်အကျဉ်းချခံရသောတက်ကြွလှုပ်ရှားသူများအားပြန်လွှတ်ပေးရေး စသည်တို့ကိုတောင်းဆိုခဲ့သောဆန္ဒပြပွဲအားဇန်နဝါရီလအတွင်းကပြုလုပ်ခဲ့သည့်အတွက် ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေပုဒ်မ ၁၈ အရ ဒေသခံ NGO ဖြစ်သည့် မြန်မာလူမှုဖွံ့ဖြိုးရေးကွန်ယက်မှ တက်ကြွလှုပ်ရှားသူ ကိုနေမျိုးဇင်နှင့်ဦးဝင်းချို တို့အား ရန်ကုန်ခရိုင်တရားရုံးက ထောင်ဒါဏ် ၃ လစီချမှတ်လိုက်သည်။
- **ဧပြီ ၁၀** - မတ်လ ၁ ရက်နေ့ကမန္တလေးတိုင်း မတ္တရာမြို့နယ်တွင်ထွန်းတုံးတိုက်ပွဲပြုလုပ်ခဲ့ခြင်းအတွက် တရားဥပဒေပုဒ်မ ၅၀၅ အရဆူပူအောင်လှုံ့ဆော်သည်ဟူသောစွပ်စွဲချက်ဖြင့် ဆန္ဒပြသူနှစ်ဦးဖြစ်သည့် ကိုဇော်ဝင်းနှင့်ကိုရဲရင့်အောင်တို့အား မန္တလေးမှအာဏာပိုင်များကဖမ်းဆီးခဲ့သည်။ ယခင်ကလည်း သူတို့အား မတ်လ ၂ ရက်နေ့တွင် ပိုင်နက်ကျူးလွန်မှု၊ အကျိုးကြောင်းမဲ့ ဖျက်ဆီးမှုတို့ဖြင့် တရားစွဲဆိုထားသေးသည်။ သူတို့အားမန္တလေးအိုးဘိုအကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားပါသည်။

- **ဧပြီ ၂၆** - မြန်မာနိုင်ငံတွင်လက်ရှိအဖမ်းခံနေရသောသတင်းထောက်များအားလွှတ်ပေးရန်နှင့် ပိုမိုကောင်းမွန်သော မီဒီယာလွတ်လပ်ခွင့်ပေးပါရန်တောင်းဆိုသည့် ဆန္ဒပြပွဲအားစည်းရုံးပြုလုပ်ခဲ့သည့်အတွက် ပဲခူးတိုင်းပြည်မြို့မှအာဏာပိုင်များက မဇ္ဈိမသတင်းဌာနသတင်းထောက်ကိုရေခဲအား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး

ဒေါ်စုဂျာမဏီနှင့်ပြင်သစ်တို့သို့သွားရောက်

ဧပြီ ၉ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် ဂျာမဏီနှင့်ပြင်သစ်တို့သို့ တပတ်ကြာသွားရောက်ရန်အတွက် ထွက်ခွါခဲ့သည်။ ထိုနိုင်ငံနှစ်ခုလုံးတွင်ဒေါ်စုက မြန်မာနိုင်ငံသည်ဒီမိုကရေစီမရရှိသေးပါဟု ပြောကြားခဲ့သည်။ ဒေါ်စုသည်နိုင်ငံတကာ၏ထောက်ခံမှုကိုတောင်းဆိုလိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ယခင်စစ်တပ်အုပ်ချုပ်သူများအကြား စိတ်ခါတ်တွေးခေါ်ပုံအပြောင်းအလဲ စသည်တို့လိုအပ်မှုကိုထပ်လောင်းပြောကြားသွားသည်။ သူမက မြန်မာနိုင်ငံမှတိုင်းရင်းသားလူမျိုးများအကြားတင်းမာမှုများနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများကိုမီးမောင်းထိုးပြကာ မြန်မာနိုင်ငံမှလူများသည် "သူတို့၏စိုးရိမ်မှုနှင့်အမုန်းတရားများကိုထိန်းသိမ်းဖုံးဖိထားရန်" လိုအပ်ကြောင်း ပြောကြားသွားသည်။

- **ဧပြီ ၁၀** - ဒေါ်စုသည်ဂျာမန်အဓိပတိအိန်ဂျယ်လာမာကယ် Angela Merkel၊ ဂျာမန်သမ္မတဟိုချင်မ်ဂေါက် Joachim Gauck တို့နှင့်ဘာလင်တွင်တွေ့ဆုံခဲ့သည်။
- **ဧပြီ ၁၁** - ဒေါ်စုသည် ဂျာမဏီဆိုရှယ်ဒီမိုကရက်ပါတီမှ Willy Brandt ဆုကိုလက်ခံရယူခဲ့သည်။ ဆုလက်ခံခြင်း အမှာစကားပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံသည်၎င်း၏ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် "အထိအရှအလွယ်ဆုံး၊ အန္တရာယ်အများဆုံးအချိန်" သို့ရောက်ရှိနေပါသည်ဟု ပြောကြားခဲ့သည်။
- **ဧပြီ ၁၅** - ဒေါ်စုသည် ပါရီတွင်ပြင်သစ်သမ္မတဖရန်စစ်ဟိုလန်ဒ် François Hollande၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးလောရန့်ဖေးဘီးယပ်စ် Laurent Fabius တို့နှင့်တွေ့ဆုံခဲ့သည်။ သူမက သမ္မတဦးသိန်းစိန်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုကိုထောက်ခံရန်ရည်ရွယ်ချက်မရှိမှုကိုပြသခြင်းသည် အထူးစိုးရိမ်ဖွယ်ရာကိစ္စတခုဖြစ်သည်ဟုပြောကြားလိုက်ကာ အကယ်၍သမ္မတအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအတွက်အမှန်တကယ်လိုလားသည်ဆိုပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲခြင်းကို ထောက်ခံရမည်ဖြစ်ပြီး ထိုဖွဲ့စည်းပုံသည်နိုင်ငံ၏နိုင်ငံရေးသမိုင်းတလျှောက်တွင် လက်ရှိအားဖြင့်စစ်တပ်အား အင်အားအကြီးဆုံးနေရာကိုပေးအပ်ထားခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

အစိုးရကမြောက်ကိုရီးယားနှင့်ဆက်ဆံရေးကိုထိန်းထား

ဧပြီလ ၃ ရက်နေ့တွင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနဦးဆောင်ညွှန်ကြားရေးမှူးကင်မ်မြောင်ဂေးလ် Kim Myong Gil ဦးဆောင်သောမြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လေးရက်တာအလည်အပတ်ရောက်ရှိခဲ့သည်။ ဧပြီလ ၄ ရက်နေ့တွင် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် အစိုးရနိုင်ငံခြားရေးဒုဝန်ကြီးဦးသန့်ကျော်၊ အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနနိုင်ငံရေးဌာနဦးဆောင်ညွှန်ကြားရေးမှူးဦးစန်းလွင်တို့နှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြသည်။ အစည်းအဝေးနှင့်ပတ်သက်သည့် အသေးစိတ်မှာမူ မရှင်းမလင်းရှိဆဲဖြစ်သည်။ အစိုးရပိုင် New Light of Myanmar သတင်းစာက နိုင်ငံခြားရေးဌာနအရာရှိများသည် မြောက်ကိုရီးယား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်ဟုသတင်းဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင်တရုတ်ရင်းနှီးမြှုပ်နှံမှုကျဆင်းလာသည့်အတွက် အစိုးရအရာရှိများပီကင်းသို့သွားရောက်ကြ

ဧပြီလသည် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အဆုံးဖြစ်ကာ ထိုနှစ်တွင် တရုတ်-မြန်မာကုန်သွယ်ရေးဆက်ဆံမှုသည် အဖွံ့ဖြိုးဆုံးဖြစ်ခဲ့သည်။ အစိုးရ၏ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးဦးသန်းအောင်ကျော်၏ အဆိုအရ ၂၀၁၃-၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် မြန်မာနိုင်ငံ၏စုစုပေါင်းကုန်သွယ်ရေး၏ ၈၃ %သည် (ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၄.၄၆ဘီလီယမ် - ၄.၃ ထရီလီယံကျပ်) တရုတ်နိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရေးမှ အမြတ်ဝမ်းရရှိခဲ့ပါသည်။ နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးခဲ့သော်လည်း မြန်မာနိုင်ငံရှိတရုတ်ရင်းနှီးမြုပ်နှံမှုသည် ၂၀၁၃ ခုတွင် ကျဆင်းခဲ့ရာ စုစုပေါင်းမြန်မာနိုင်ငံသို့တရုတ်၏ ၂၀၁၂ခုရင်းနှီးမြုပ်နှံမှု၏ ၅%၊ ၂၀၁၀ခုရင်းနှီးမြုပ်နှံမှု၏ ၁%သာလျှင်ရှိခဲ့ပါသည်။ လေးနှစ်အတွင်းပထမဆုံးအကြိမ်အဖြစ် တရုတ်သည်မြန်မာနိုင်ငံ၏အမြင့်ဆုံးထိပ်တန်းရင်းနှီးမြုပ်နှံသူအဖြစ်မှ အဆင့် ၁၀ နေရာသို့ကျဆင်းသွားခဲ့သည်။

ဧပြီလတွင် အစိုးရအရာရှိများဖြစ်သော ဒုသမ္မတဦးညာဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းတို့သည် ဧပြီ ၇ -၉ နှင့် ၈ - ၁၂ တို့တွင်ပီကင်းသို့အသီးသီးသွားရောက်ခဲ့ကြသည်။ ဧပြီလ ၁၀ ရက်နေ့တွင် နှစ်နိုင်ငံဥပဒေပြုမှုတို့အကြားအားကောင်းလာစေရန်အတွက် ဦးရွှေမန်းနှင့်တရုတ်အမျိုးသားလူထုကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌဇောင်ဒီဂျိယန်း Zhang Dejiang တို့သည်နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ ဇောင် Zhang ကဥပဒေပြုမှုနှစ်ခုလုံးတို့သည် ရင်းနှီးမြုပ်နှံသူများ၏တရားဝင်အခွင့်အရေးများကိုကာကွယ်ရန်နှင့် နှစ်နိုင်ငံပူးပေါင်းကုန်သွယ်ရေးအတွက်ကောင်းမွန်သောမူဝါဒနှင့်တရားဝင်ဝန်းကျင်တခုအားထိန်းသိမ်းထားနိုင်ရန် မူဝါဒများချမှတ်သင့်သည်ဟု ပြောကြားခဲ့သည်။

စီးပွားရေး

အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ် - ၂၀၁၄ - ၁၅ တွင်ငွေကြေးဖောင်းပွမှု ၆.၆ %သို့ရောက်ရှိမည်

ဧပြီလ ၁ ရက်နေ့တွင် မတ်လကအတည်ပြုလိုက်သော လွှတ်တော်၏လျှပ်စစ်မီတာခတိုးမြှင့်ကောက်ခံခြင်း [*၂၀၁၄ခု မတ်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] သည်စတင်အသက်ဝင်လာပါသည်။ လျှပ်စစ်မီတာခတိုးမြှင့်လိုက်ခြင်းကြောင့် ကုန်ပစ္စည်းဈေးနှုန်းများတိုးမြင့်လာမည်ဟုမျှော်လင့်ရပြီး ထိုအရာသည်မြန်မာနိုင်ငံ၌ဧပြီလ တလလုံးဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။ ဧပြီလ ၂၈ ရက်နေ့တွင် ဒေသဈေးနှုန်းအညွှန်းများအရ အခြေခံစားကုန်ဈေးနှုန်းသည် တလလုံးတွင် ၂၀%အထိမြင့်တက်ခဲ့သည်။

ကုန်ပစ္စည်းများဈေးနှုန်းတက်လာခြင်းသည် ဧပြီလအတွင်းကအသီးသီးထုတ်ပြန်လိုက်သည့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ "အာရှ ဖွံ့ဖြိုးမှုရှုမြင်သုံးသပ်ချက် ၂၀၁၄" နှင့် ကမ္ဘာ့ဘဏ်၏ "အရှေ့အာရှပစိဖိတ်စီးပွားရေးနောက်ဆုံးအခြေအနေ ၂၀၁၄ခု ဧပြီ လ - တည်ငြိမ်မှုအားထိန်းသိမ်းခြင်းနှင့်ဖွံ့ဖြိုးမှုအားမြှင့်တင်ခြင်း" အစီရင်ခံစာနှစ်ခုလုံးတွင်တွေ့မြင်ရပါသည်။ အစီရင်ခံစာများက လက်ရှိ ၂၀၁၄ - ၁၅ တွင်မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုမြင့်တက်နှုန်း ၆.၆% အထိရှိလာမည်ဟုခန့်မှန်းထားပြီး ၎င်းသည်လျှပ်စစ်မီတာခတိုးမြှင့်လိုက်ခြင်းကြောင့်တစိတ်တပိုင်းသက်ဆိုင်ပါသည်ဟုဖော်ပြထားသည်။ ADB ကအစိုးရ၏အရပ်ဘက်ဝန်ထမ်းများအားလစာ ၂၀၀၀၀ ကျပ် (US ၂၀) တိုးပေးလိုက်ခြင်းကလည်း ငွေဖောင်းပွမှုဖြစ်ရခြင်း၏ အကြောင်းရင်းတရပ်ဖြစ်သည်ဟု ပြောကြားလိုက်ပါသည်။

မက်ပယ်ကရော့ဖ်ထ် Maplecroft - သဘာဝအရင်းအမြစ်များပေါ်အကျိုးစီးပွား (စိတ်ဝင်စားမှု)ပုံထားခြင်းသည်စီးပွားရေးဝန်းကျင်ကိုအန္တရာယ်ရှိစေနိုင်

ဧပြီလတွင် အဓိကအစီရင်ခံစာနှစ်စောင်က တပ်မတော်ရောတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများပါ တရားမဝင်သစ်ကုန်သွယ်မှုတွင်ဆက်စပ်ခဲ့၊ ဆက်စပ်ဆဲဖြစ်ပါသည်ဟု သတိပေးလိုက်သည်။ မက်ပယ်ကရော့ဖ်ထ်၏ "မြန်မာနိုင်ငံ - ၁၉၃၇ခုကတည်းကပထမဆုံးသန်းခေါင်စာရင်းကောက်ယူမှုသည် တိုင်းရင်းသားများဆိုင်ရာတင်းမာမှုနှင့်အကြမ်းဖက်မှုများကိုလှုံ့ဆော်ပေးနိုင်" ဟုအမည်ရသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံအန္တရာယ်အစီရင်ခံစာ နှင့် အပြည်ပြည်ဆိုင်ရာပဋိပက္ခအဖွဲ့ ICG ၏ "မြန်မာ့စစ်တပ် - ဘားတိုက်ကိုပြန်မည်လား" အစီရင်ခံစာတို့တွင် တပ်မတော်ရော၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများပါ သူတို့၏လုပ်ငန်းများအားငွေကြေးအရထောက်ပံ့နိုင်ရန်အတွက် တရားမဝင်ဝင်ငွေရသည့်

လုပ်ငန်းများအား လုပ်ကိုင်နေကြသည်ဟုမှတ်ချက်ပေးဖော်ပြထားသည်။ ICG အစီရင်ခံစာက ထိုလုပ်ငန်းလှုပ်ရှားမှုများကိုဆက်လက်လုပ်ဆောင်နေပါက အရင်းအမြစ်များအားရယူပိုင်ဆိုင်မှုအပေါ်တွင် တင်းမာမှုများ၊ ပြဿနာများဖြစ်ပေါ်လာလိမ်မည်ဟု သတိပေးထားပါသည်။ မယ်ပယ်ကရော့ဖ်ထ်ကလည်း တရားမဝင်သောထိုလုပ်ငန်းလုပ်ဆောင်မှုများအပေါ်တွင် ထိုအုပ်စုနှစ်ခုမှအကျိုးစီးပွားပုံထားခြင်းသည် မြန်မာနိုင်ငံ၏စီးပွားရေးဝန်းကျင်အား ခြိမ်းခြောက်လာနိုင်ပါသည်ဟုပြောကြားထားသည်။

ဧပြီလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁	မကွေးတိုင်းအောင်လံမြို့နယ်မှ ဒေသခံ ၁၀၀၀ ကျော်တို့သည် ကချင်ပြည်နယ်မြစ်ဆုံရေကာတာစီမံကိန်းသို့ လမ်းလျှောက်ချီတက်လာသော တက်ကြွလှုပ်ရှားသူများနှင့်ပူးပေါင်းလိုက်ကာ ထိုစီမံကိန်းအားအဆုံးသတ်ပေးပါရန်တောင်းဆိုလိုက်သည်။
၁	ရန်ကုန်တိုင်းဒေသကြီးနယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီးဗိုလ်မှူးကြီးတင်ဝင်းနှင့်တွေ့ဆုံပြီးနောက် ရန်ကုန်မြို့တာမွေမြို့နယ်မှ သူတို့၏သပိတ်စခန်းများအားရုတ်သိမ်းရန် ရန်ကုန်အာဏာပိုင်များ၏ ပန်ကြားချက်ကိုဆန္ဒပြသူများမှပယ်ချလိုက်ကာ အစာငတ်ခံဆန္ဒပြပြီးသူတို့၏ကန့်ကွက်ဆန္ဒပြမှုကိုတိုးမြှင့်ရန် ကတိသစ္စာပြုခဲ့ကြသည်။
၁	ရှမ်း NGO ငါးခုက ရှမ်းရွာသား၃၀၀၀ တို့၏လက်မှတ်များနှင့်အတူ ပူးတွဲကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ ထိုအထဲတွင် ရှမ်းပြည်နယ်မှသံလွင်နှင့်အခြားမြစ်တခုတို့တွင်ဆောက်လုပ်ရန်စီစဉ်ထားသော ရေအားလျှပ်စစ်ရေကာတာကြီးနစ်ခု၏ဆိုးကျိုးများအပေါ် ၎င်းတို့၏ စိုးရိမ်မှုအားဖော်ထုတ်ပြောကြားထားသည်။
၁	နစ်ဆယ့်နစ်ကြိမ်မြောက်အာဆီယမ် + ၃ ဘဏ္ဍာရေးနှင့်ဗဟိုဘဏ်လက်ထောက်များအစည်းအဝေးကို အာဆီယမ်ငွေကြေးဆိုင်ရာပေါင်းစည်းမှုများအားဆွေးနွေးနိုင်ရန်အတွက် နေပြည်တော်တွင်စတင်လိုက်သည်။
၂	ကုလအထွေထွေအတွင်းရေးမှူး၏မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးဗီဂျေးနမ်ဗီးယားသည် ငြိမ်းချမ်းရေးရရှိသည်အထိသူတို့၏ထောက်ခံမှုရှိကြောင်း ကတိပြုပြသရန်အတွက် KIO ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ကာ ကချင်ပြည်နယ်မိုးမောက်မြို့နယ်၊ လိုင်ဇာရှိ KIO ဌာနချုပ်တွင် အစိုးရနှင့်အတူရိုးသားစွာဖြင့်ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ချည်းကပ်ကြိုးစားသွားရန်တိုက်တွန်းလိုက်သည်။
၂	အစိုးရသာသနာရေးဆိုင်ရာဒုဝန်ကြီးဦးမောင်မောင်ဌေးက မေလကုန် သို့မဟုတ် ဇွန်လစောစောပိုင်းတွင် အစိုးရသာသနာရေးဝန်ကြီးဌာနကော်မရှင်အဖွဲ့ဝင်များမှ ဘာသာကူးပြောင်းမှုဆိုင်ရာဥပဒေကြမ်းကို အပြီးသတ်ရေးဆွဲမည်ဖြစ်ပြီး အစိုးရလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကော်မရှင်အဖွဲ့ဝင်များမှ လူဦးရေထိန်းချုပ်မှုဥပဒေကြမ်းကို အပြီးသတ်ရေးဆွဲမည်ဖြစ်ကြောင်းပြောကြားလိုက်သည်။
၃	မြေယာအငြင်းပွားမှုများကိုဖြေရှင်းနိုင်ရန်ကူညီပေးပါရန်အတွက် တောင်းဆိုရန်ရန်ကုန်ရှိသူမ၏အိမ်အပြင်ဘက်တွင် လာရောက်စုဝေးကြသော ဆန္ဒပြသူ ၁၀၀ ကျော်တို့အားကြိုးစားကူညီရန်အတွက် NLD မှကျောထောက်နောက်ခံပေးထားသော ရှေ့နေကွန်ယက်နှင့်ဒေါ်အောင်ဆန်းစုကြည်မှ ညှိနှိုင်းတိုင်ပင်သွားမည်ဖြစ်သည်။
၃	တပ်မတော်ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နစ်နိုင်ငံစစ်ရေးဆက်ဆံမှုများနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးနိုင်ရန်အတွက် ရုရှ-မြန်မာစစ်ရေးပူးတွဲလုပ်ဆောင်ရေးကော်မရှင်အဖွဲ့အား နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၆	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် လက်နက်ချရန်တိုက်တွန်းရန်အတွက် ရှမ်းပြည်နယ်လားရှိုးမြို့တွင် UWSA၊ SSPP၊ ဒေသခံပြည်သူ့စစ်အရာရှိများနှင့်တွေ့ဆုံခဲ့သည်။
၇	ဧရာဝတီတိုင်းပုသိမ်တွင် ရွေးကောက်ပွဲကော်မရှင်ခွဲများ၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရာတွင် အစိုးရရွေးကောက်ပွဲကော်မရှင်ဥက္ကဌဦးတင်အေးက အနာဂတ်တွင်နိုင်ငံရေးသမားများအားသူတို့၏မဲဆန္ဒနယ်များတွင်သာ မဲဆွယ်မှုပြုလုပ်ရန်အစိုးရရွေးကောက်ပွဲကော်မရှင်မှခွင့်ပြုသွားမည်ဟု ပြောကြားခဲ့သည်။
၇	မန္တလေးတိုင်းကျောက်ဆည်မြို့နယ်တွင် လူ ၃၀၀ ကျော်တို့သည် ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေးအတွက် ချီတက်ဆန္ဒပြတောင်းဆိုခဲ့ကြသည်။
၈	မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့နယ်တွင် လူ ၂၀၀၀ ကျော်တို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအတွက်ထောက်ခံဆန္ဒပြခဲ့ကာဒေါ်အောင်ဆန်းစုကြည်၊သမ္မတဦးသိန်းစိန်၊ပြည်ထောင်စုလွှတ်တော်ဥက္ကဌဦးရွှေမန်းနှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ ဖြစ်နိုင်သမျှအမြန်ဆုံးတွေ့ဆုံကြပါရန်တောင်းဆိုလိုက်သည်။
၁၀	တရုတ်ကုမ္ပဏီ ဝမ်ပေါင် မှဒေသခံအလုပ်သင် ၂၂၄ ယောက်တို့သည် စစ်ကိုင်းတိုင်းလက်ပံတောင်း (မုံရွာ) ကြေးနီမိုင်းဒေသတွင် ဆန္ဒပြခဲ့ကာ လုပ်ခတိုးမြှင့်ပေးရန်နှင့်ပိုမိုကောင်းမွန်သောလုပ်ငန်းခွင်အခြေအနေများရရှိရန် တောင်းဆိုခဲ့ကြသည်။
၁၀	၂၀၁၇ ခုအထိ မန္တလေးတိုင်းပုဂံဖွံ့ဖြိုးရေးအတွက် နည်းပညာအကူအညီများပေးသွားရန် JICA မှ အစိုးရ၏ ဟော်တယ်နှင့်ကမ္ဘာလှည့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည်။
၁၄	KIA ဒုတိယဦးစီးချုပ်ဗိုလ်မှူးချုပ်ဂွမ်မော်သည် ဝါရှင်တန် ဒီစီ ရှိနိုင်ငံခြားရေးဌာနတွင် လူ့အခွင့်အရေးနှင့်နိုင်ငံရေးဆိုင်ရာအရာရှိများနှင့်တွေ့ဆုံခဲ့သည်။

၁၄	ရခိုင်ပြည်နယ်မောင်တောမြို့နယ်မှတောင်ပြိုလက်ဝဲရဲစခန်းအား မီးရှို့သည်ဟူသောစွပ်စွဲချက်ဖြင့် ရိုဟင်ဂျာကျေးရွာအုပ်ချုပ်ရေးမှူးလေးဦးအား ရဲမှဖမ်းဆီးနိုပ်စက်ကာဆေးကုသမှုမပြုလုပ်ပေးခဲ့ပေ။
၁၄	EU နိုင်ငံခြားရေးရာကောင်စီက ၂၀၁၅ခုဧပြီလအထိမြန်မာနိုင်ငံအပေါ်ပိတ်ဆို့မှုကို သက်တမ်းတိုးလိုက်ကာ ၎င်းတွင်လက်နက်ဝယ်ယူခြင်းပိတ်ဆို့မှုနှင့် ပြည်တွင်းတွင်ဖိနှိပ်မှုများပြုလုပ်ရာ၌အသုံးပြုနိုင်မည့်အရာများအားဝယ်ယူခွင့်ပိတ်ဆို့မှုတို့ပါဝင်ပါသည်။
၁၆	မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ UK မှ "မြန်မာစစ်တပ်၏မုဒိမ်းမှုနှင့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ" အမည်ရှိမှတ်တမ်းတိုစာစောင်ကိုထုတ်ပြန်လိုက်ကာ ၎င်းသည်တပ်မတော်၏ မုဒိမ်းကျင့်ခြင်းနှင့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား လက်နက်သဖွယ်အသုံးပြုနေမှုကိုမီးမောင်းထိုးပြထားကာ အမျိုးသမီးများအပေါ်ကျူးလွန်သည့်အကြမ်းဖက်မှုများနှင့်ချိုးဖောက်မှုများအားနိုင်ငံတကာမှစုံစမ်းစစ်ဆေးမှုပြုလုပ်ပါရန်လည်း တောင်းဆိုလိုက်သည်။
၂၃	မြန်မာဝမ်ပေါင်ကုမ္ပဏီမှဝန်ထမ်း ၂၅၀ ခန့်တို့သည် လုပ်ခများတိုးမြှင့်ပေးရန်အတွက် စစ်ကိုင်းတိုင်းမုံရွာမြို့နယ်မှကုမ္ပဏီရုံးခန်းရှေ့တွင် ဆန္ဒပြခဲ့သည်။
၂၃	အကယ်၍အစိုးရရောတိုင်းရင်းသားအုပ်စုကိုယ်စားလှယ်များဘက်ကပါပန်ကြားလာခဲ့ပါက တိုင်းရင်းသားများနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လေ့လာသူအဖြစ်ပါဝင်ရန် သူတို့အနေဖြင့်အထူးအလေးထား၍စဉ်းစားမည်ဟု ရန်ကုန်မှအမေရိကန်သံရုံးကပြောကြားလိုက်သည်။
၂၅	ပဲခူးတိုင်းပြည်မြို့နယ်တွင် ဆန္ဒပြသူ ၁၀၀ ခန့်တို့နှင့်မွန်ပြည်နယ်မော်လမြိုင်မှဒါဇင်ပေါင်းများစွာတို့သည် အစိုးရဝန်ထမ်းအားတာဝန်ချိန်တွင်နှောက်ယှက်မှုနှင့်ပိုင်နက်ကျူးလွန်မှုစွဲချက်တို့ဖြင့် ဧပြီလ ၇ ရက်နေ့ကထောင်ဒါဏ် ၁ နှစ်ချမှတ်ခံခဲ့ရသော DVB သတင်းထောက်ကိုဇော်ဖေအားပြန်လွှတ်ပေးရန်အတွက် တောင်းဆိုဆန္ဒပြခဲ့ကြသည်။
၂၇	မလေးရှားတွင်မိန့်ခွန်းပြောကြားရာ၌ US သမ္မတဘားရက်အိုဘားမားက အခွင့်အရေးအပြည့်အဝအကာအကွယ်ပေးထားခြင်းမခံရသော မြန်မာနိုင်ငံမှရိုဟင်ဂျာတို့အားရည်ညွှန်းလျက် မွတ်စလင်လူဦးရေတို့အားဖိနှိပ်နေခဲ့ပါက မြန်မာနိုင်ငံသည်အောင်မြင်မှုရရှိမည်မဟုတ်ပါဟုပြောကြားလိုက်ကာ မြန်မာနိုင်ငံ၏ဘာသာရေးနှင့်လူမျိုးရေးတို့ဖြင့်ရောယှက်၍ နိုင်ငံရေးအရစည်းရုံးနေမှုအပေါ်သတိပေးပြောကြားလိုက်သည်။
၂၉	"ခြိမ်းခြောက်မှုအောက်မှလူထုများ ၂၀၁၄ခု" ဆိုသည့်ထုတ်ပြန်မှုတွင် လူထုမျိုးတုန်းသတ်ဖြတ်မှုများ၊ အမြောက်အများအသတ်အဖြတ်ခံရမှုများ သို့မဟုတ် စနစ်တကျအကြမ်းဖက်ဖိနှိပ်မှုများနှင့်ရင်ဆိုင်နေရဖွယ်ရှိမှုရှု့ထောင့်မှကြည့်ရှု့ကာ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးအုပ်စု Minority Rights Group International အဖွဲ့မှ မြန်မာနိုင်ငံအားကမ္ဘာတွင် ၈ ခုမြောက်အန္တရာယ်မြင့်မားသောနိုင်ငံအဖြစ်အဆင့်သတ်မှတ်ခဲ့သည်။

ဧပြီလအတွင်းထုတ်ပြန်ခဲ့သောမြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာများ

"အာရှဖွံ့ဖြိုးမှုရှုမြင်သုံးသပ်ချက် ၂၀၁၄ခု-အားလုံးပါဝင်သောဖွံ့ဖြိုးမှုအတွက်ငွေကြေးမူဝါဒ" အာရှဖွံ့ဖြိုးမှုဘဏ် Asian Development Bank (ADB) http://bit.ly/PTp76M

"လူ့အခွင့်အရေးနှင့်ဒီမိုကရေစီ-၂၀၁၂ခုနိုင်ငံခြားရေးနှင့်ဓနသဟာယရုံးအစီရင်ခံစာ" UK နိုင်ငံခြားရေးနှင့်ဓနသဟာယရုံး UK Foreign & Commonwealth Office (FCO) http://bit.ly/1oRQJJi

"မြန်မာ့လူထုသဘောထားစစ်တမ်း-၂၀၁၃ဒီဇင်ဘာ၂၄ - ၂၀၁၃ဖေဖော်ဝါရီ ၁" နိုင်ငံတကာရီပတ်ပလစ်ကင်အင်စတီကျူ့ International Republican Institute (IRI) http://bit.ly/QITtcY

"ရွှေ့ပြောင်းခြင်းအချက်အလက်များမှတ်တမ်း ၂၀၁၄ခုဧပြီ ၂၃" ရွှေ့ပြောင်းခြင်းအတွက်အပြည်ပြည်ဆိုင်ရာအဖွဲ့ International Organization for Migration (IOM) http://bit.ly/1m97bTp

"မြန်မာ့နိုင်ငံရေးအကျဉ်းသားများ၏လစဉ်မှတ်တမ်း ၂၀၁၃ မတ်လ" နိုင်ငံရေးအကျဉ်းသားများကူညီထောက်ပံ့ရေးအဖွဲ့ Assistance Association for Political Prisoners (AAPP) http://bit.ly/PieZ6R

"၂၀၁၃ နှစ်စဉ်အစီရင်ခံစာ" နိုင်ငံရေးအကျဉ်းသားများကူညီထောက်ပံ့ရေးအဖွဲ့ Assistance Association for Political Prisoners (AAPP) http://bit.ly/1jT3BIg

"မြန်မာစစ်တပ်မှကျူးလွန်သောမုဒိမ်းမှုနှင့်အကြမ်းဖက်မှုများ-မြန်မာသတင်းတိုစာစောင်အမှတ် ၃၄" မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ UK Burma Campaign UK (BCUK) http://bit.ly/1jA5GIZ

"မြန်မာစစ်တပ် - ဘားတိုက်သို့ပြန်မည်လား" အပြည်ပြည်ဆိုင်ရာပဋိပက္ခအဖွဲ့ International Crisis Group (ICG) http://bit.ly/RIwVK4

"ပဋိပက္ခနှင့်ဆက်စပ်နေသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု" UN လုံခြုံရေးကောင်စီ UN Security Council (UNSC) http://bit.ly/1hFAM3M

"အရှေ့အာရှပစိဖိတ်စီးပွားရေးနောက်ဆုံးအခြေ အနေ ၂၀၁၄ ဧပြီ လ - တည်ငြိမ်မှုအားထိန်းသိမ်းခြင်းနှင့်ဖွံ့ဖြိုးမှုအားမြှင့်တင်ခြင်း" ကမ္ဘာ့ဘဏ် World Bank http://bit.ly/1mYAPe9

"အသံများကိုနားထောင်ခြင်း-မြန်မာ့အောက်ခြေစစ်သားများပြောစကား" ငြိမ်းချမ်းရေးနှင့်ပဋိပက္ခလေ့လာမှုစင်တာ Centre for Peace and Conflict Studies (CPCS) http://bit.ly/PQ6n7L

"မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုအဓိပ္ပါယ်ဖော်ကြည့်ခြင်း ၂၀၁၄" မြန်မာ့သတင်းအပြည်ပြည်ဆိုင်ရာ Burma News International (BNI) http://bit.ly/R5XjNp

"ခြိမ်းခြောက်မှုအောက်မှလူထုများ ၂၀၁၄ခု" အပြည် ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးအုပ်စု Minority Rights Group International, http://bit.ly/1hjw8Vm

"ကုန်သွယ်မှု၊ ဖွံ့ဖြိုးမှုနှင့် CSR ဓါးမိုးခိုးကန့်လန့်ကာ" မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ Burma Campaign UK (BCUK), http://bit.ly/1iknNVc